# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (25-11-2015) (၈၃၉၅)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

“ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီးမှုနှင့် တာဝန်လွှဲပြောင်းရေးကိစ္စရပ်များ ချောမွေ့အောင်မြင်စွာ ဖြစ်ပေါ်လာရေး ဆောင်ရွက်နေမှု၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြားဆက်ဆံရေး ဆွေးနွေး”

စာမျက်နှာ - ၃

# ကချင်ပြည်နယ် ဧရာဝတီမြစ်ဆုံသို့ လာရောက်အပန်းဖြေနိုင်



စိုင်းလူမင်း

**မြစ်ကြီးနား နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် သွားရောက်လည်ပတ်အပန်းဖြေနိုင်သော နေရာများစွာရှိသည့်အနက် ကချင်ပြည်နယ်၏ အထင်ရှားဆုံးအမှတ်လက္ခဏာတစ်ခုဖြစ်သော မြစ်ကြီးနားမြို့၏ အထက် ၂၈ မိုင်အကွာ တန်ဖဲရွာအနားမှ ဧရာဝတီမြစ်ကြီး စတင်စီးဆင်းရာ မေခမြစ်နှင့် မလိခ ပေါင်းဆုံရာနေရာဖြစ်သော မြစ်ဆုံအပန်းဖြေစခန်းပင်ဖြစ်သည်။

မေခ မလိခ မြစ်ဆုံနေရာသည် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့မှ ၂၈ မိုင်ဝေးကွာသော နေရာတစ်ခုဖြစ်ပြီး မြစ်ကြီးနားသို့ အလည်အပတ်ရောက်ရှိလာသော ဧည့်သည်များသည် သွေးချင်းတို့၏ ကချင်ရိုးရာစားသောက်ဆိုင်များတွင် တစ်မူထူးခြားသည့်စားသောက်ဖွယ်ရာများကို ကြိုက်နှစ်သက်သလို မှာယူစားသောက်ရင်း မြစ်ဆုံ၏အလှများကို အပေါ်စီးမှ ကြည့်ရှုခံစားခြင်း၊ ထိုမှတစ်ဖန် အောက်ကိုဆင်းလာကာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## ကလေးငယ် သန်း ၆၉၀ ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ရင်ဆိုင်နေရ

စာမျက်နှာ - ၄

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါရှင်တန်ပို့စ်သတင်းစာမှ မေးမြန်းမှုများ ရှင်းလင်းဖြေကြား

စာမျက်နှာ - ၅

## ဒေါ်လာရိုက်ဇေးရှင်း၊ ဒီဒေါ်လာရိုက်ဇေးရှင်း

စာမျက်နှာ - ၆




အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၅-၁၁-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# အားလုံးအတွက်အောင်ဘာလေ

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို ဆွေးနွေးခဲ့ကြသည်။ ထီရုံထောင်ခြင်း၊ အီလက်ထရွန်နစ်ထီလုပ်ငန်း၊ ပါမစ်စနစ်စသည်ဖြင့် ဆွေးနွေးခဲ့ကြရာ အများပြည်သူအကျိုးစီးပွားဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ဥပဒေကြမ်းတွင် ထီရုံထောင်ခြင်းကိုတားမြစ်ခြင်းနှင့် ဖောက်ဖျက်ပါက အပြစ်ပေးခြင်းမှာ သင့်လျော်ပါသည်။ အီလက်ထရွန်နစ်ထီလုပ်ငန်းကို ပုဂ္ဂလိကသို့ပေးခြင်းသည် အောင်ဘာလေထီကို လောင်းကစားပုံစံဖြင့် အသွင်ပြောင်းကာ အမြတ်ရှာသည့်သဘောအဖြစ် ရှုမြင်နိုင်ပါသည်။

မြန်မာနိုင်ငံ၌ ပြည်သူပြည်သားအများစုသည် မိမိတို့သူဌေးဖြစ်လိုဖြစ်ငြား၊ ငွေကြေးအနည်းအများ ရလိုရငြား ကံစမ်းနေကြပါသည်။ အမှန်တွင် ဓနဥစ္စာရခြင်း၊ မရခြင်းသည် လူတစ်ဦးချင်းစီ၏ ကံနှင့်ဆိုင်ပါသည်။ ထို့ကြောင့် ကံစမ်းကြသည်၊ ကံစမ်းမဲဖောက်ကြသည်ဟု ဆိုကြပါသည်။ မျက်မှောက်ကာလလူမှုဘဝနယ်ပယ်၌ အစိုးရအောင်ဘာလေထီနှင့် တရားမဝင် ချဲထီဟုခေါ်ကြသော (နှစ်လုံးထီ၊ သုံးလုံးထီ) နှစ်မျိုးတွေ့ရှိရပါသည်။

အစိုးရအောင်ဘာလေထီကို တစ်လတစ်ကြိမ် ကံစမ်းကြရာ ကံထူးသူနည်းသောကြောင့် အများပြည်သူစိတ်ဝင်စားမှုနည်းသော်လည်း တစ်ဦးချင်းအနေဖြင့် စီးပွားရေးထိခိုက်မှုမရှိသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ကံထူးသူအနည်းအများတိုးပွားအောင်၊ အများပြည်သူစိတ်ဝင်စားမှုရှိလာအောင် ကြိုးပမ်းအားထုတ်သင့်ပါသည်။ အောင်ဘာလေထီသည် ပြည်သူတစ်ဦးချင်းစီ၏အကျိုးစီးပွားသာမက အများပြည်သူအတွက်လည်း အထောက်အပံ့ဖြစ်စေပါသည်။

လစဉ် ထီရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီထိုးသူများအား ကံစမ်းမဲပြန်ဖောက်ပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ဆောင်ရွက်ရန်အတွက် အခွန်အခအဖြစ်ရယူထား၍ အကျိုးများပါသည်။ ယခင်က နှစ်ကျပ်ဖိုးနှင့် တစ်သိန်းဆုပေါက်လျှင် သူဌေးဖြစ်နိုင်ခဲ့ရာမှ ယခုကျပ် ၂၀၀ ဖိုးနှင့် သိန်း ၁၅၀၀ ဆုပေါက်လျှင် သူဌေးအမည်မတွင်နိုင်သေးသည်ကိုလည်း သတိပြုမိရမည်ဖြစ်ပါသည်။ ထို့ကြောင့် သူဌေးမဖြစ်မည့်အတူတူ ထီဆုအနည်းအများပေါက်ဖို့ လိုလာပါသည်။

လူမှုဘဝနယ်ပယ်တွင် လွှမ်းမိုးနေသော အမြစ်မပြတ်သည့် တရားမဝင် တစ်လနှစ်ကြိမ် သုံးလုံးထီနှင့် တစ်နေ့နှစ်ကြိမ် နှစ်လုံးထီတို့ကိုလည်း အရေးတကြီးထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါသည်။ ပြည်သူများ လတ်တလောအဆင်ပြေသည်ဟုထင်မှတ်နေသည့် နာတာရှည်ရောဂါကဲ့သို့ ပြည်သူများကြားတွင် လှိုက်စားကာ အမြစ်တွယ်နေသည်ကိုလည်း ကျော်လွှားနိုင်ရန်လိုပါသည်။

ထီရုံထောင်ပြီး ကံစမ်းကစားခြင်းသည် လောင်းကစားဥပဒေအရ လောင်းကစားခြင်းဟု သတ်မှတ်နိုင်သော်လည်း အစိုးရအောင်ဘာလေထီသည် အများပြည်သူအတွက် ကံစမ်းခြင်းဖြစ်သည့်အပြင် ပြည်သူ့အခွန်ဘဏ္ဍာငွေတိုးတက်ရရှိခြင်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ကံစမ်းမဲ၏အကျိုးတရားသည် အစိုးရ သို့မဟုတ် အဖွဲ့အစည်းရန်ပုံငွေရရှိခြင်း၊ ကံစမ်းရာတွင် များများကံထူးပါက များများအကျိုးရှိပြီး နည်းနည်းကံထူးပါက နည်းနည်းအကျိုးရှိမည်သာဖြစ်သည်။

သို့သော် ပြည်သူများသည် ဖြတ်လမ်းမှသူဌေးဖြစ်လိုကြသဖြင့် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်ကာလ ထီရုံတော်များဖွင့်လှစ်၍ ကံစမ်းမဲဖွင့်ခဲ့ရာ ပြည်သူများဆင်းရဲမွဲတေမှုတိုးလာခဲ့ပြီး နောက်ဆုံးတွင် ထီရုံများပိတ်သိမ်းခဲ့ရသည့်အဖြစ်ကိုလည်း မမေ့သင့်ချေ။ လောင်းကစားအသွင်ပျောက်၍ ခရီးသွားဟန်လွှဲ ကံစမ်းခြင်းဖြင့် ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်သင့်ပါသည်။

အစိုးရအောင်ဘာလေထီသည် ကံစမ်းမဲဖောက်ခြင်းသဘောသာဖြစ်သည်။ ကံစမ်းမဲပေါက်လျှင် အကျိုးစီးပွားအတိုင်းအတာတစ်ခုအထိ ရနိုင်ပြီး ကံစမ်းမဲမပေါက်လျှင်လည်း ထိခိုက်နစ်နာမှုကြီးကြီးမားမားမရှိဘဲ ပြည်သူများအကျိုးအတွက်သာဖြစ်သဖြင့် အစိုးရအောင်ဘာလေထီကို လစဉ်ကံစမ်းရန် စိတ်ဝင်စားမှု ထက်သန်နေရန်သာလိုပါသည်။ အစိုးရအောင်ဘာလေထီကို အများပြည်သူ နှစ်သက်လာအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် အကျိုးမရှိသော နှစ်လုံး၊ သုံးလုံးထီကို ချေဖျက်ရမည်ဖြစ်သည်။ ॥

## အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်ထုတ်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ငါးဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်အတွက် ထုတ်ပေးခဲ့ကြောင်း အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အစည်းအဝေးမှ သိရသည်။

ပြည်တွင်းကုမ္ပဏီလီမိတက် အဖွဲ့အစည်းငါးဖွဲ့ကို အသေးစားငွေရေးကြေးရေးလုပ်ငန်း ယာယီတစ်နှစ် လုပ်ကိုင်ရန် လိုင်စင်ထပ်မံထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအချိန်ထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးပြီးသည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NGO အဖွဲ့အစည်း ၂၄ ဖွဲ့၊ သမဝါယမအဖွဲ့အစည်း ၇၇ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၂၂ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၁၂၃ ဖွဲ့၊ အစုစပ်ကုမ္ပဏီလီမိတက်အဖွဲ့အစည်း သုံးဖွဲ့ စုစုပေါင်းအဖွဲ့အစည်း ၂၅၆ ဖွဲ့ဖြစ်ကြောင်းသိရသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ၏ ဖွဲ့စည်းခြင်းဆိုင်ရာ ခိုင်မာမှု၊ အခြေခံလူတန်းစားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်း ရေရှည်တည်တံ့ပြီး ကျေးလက်မြို့ပြများသို့ နှံ့စပ်စွာ ဆောင်ရွက်နိုင်မှုများကို စံနှုန်းများအဖြစ်သတ်မှတ်ရွေးချယ်ရေးမှုများဖြင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများနှင့် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**




## ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ သံပရာကုန်း-လွှပုံ-သာယာအေး-ကျီအင်းကျေးရွာတို့အား ဆက်သွယ်ပေးမည့် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Sweet Villa ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောက်ချောလမ်းသည် အရှည် ၁ မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် အဖွဲ့က သွားရောက်ကြည့်ရှု၍ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အရည်အသွေးကောင်းမွန်စေရေး တို့ကို တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

❖

## မုန်တိုင်းမိုးများကြောင့် လာမည့်နှစ် ပဲစင်းငုံအထွက်နှုန်းကောင်းမည်

**စစ်ကိုင်း နိုဝင်ဘာ ၂၄**

ယခုနှစ် အောက်တိုဘာလအတွင်းက ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများကြောင့် မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ကာ မိုးရေအလုံအလောက် ရရှိခဲ့သဖြင့် လာမည့်နှစ်တွင် ပဲစင်းငုံအထွက်နှုန်းကောင်းမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပဲစင်းငုံစိုက်တောင်သူများက ပြောသည်။

ဇူလိုင်လအတွင်းက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံများမှာ အောက်တိုဘာလအတွင်းက ရွာသွန်းခဲ့သောမိုးကြောင့် မိုးရေချိန် အလုံအလောက်ရရှိခဲ့သဖြင့် လာမည့်နှစ် ဖေဖော်ဝါရီဆန်းပိုင်းတွင် ထွက်ရှိမည့် ပဲစင်းငုံများမှာအထွက်နှုန်းကောင်းလာမည်ဖြစ်ကြောင်း မြင်းမူမြို့နယ်မှ ပဲစိုက်တောင်သူဦးစိုးငြိမ်းက ပြောသည်။

"ဒီတစ်ခါမုန်တိုင်းက ပဲစင်းငုံစိုက်တောင်သူတွေကို အကျိုးပြုတယ်လို့ ပြောနိုင်တယ်။ မိုးရေလုံလောက်တဲ့အတွက် အပင်ရဲ့ကြီးထွားမှုလည်း ကောင်းတဲ့အပြင် ခုချိန်ထိမိုးထပ်မရွာတော့လို့ အထွက်နှုန်းကောင်းမယ်လို့မျှော်လင့်နိုင်ပြီ"ဟု ၎င်းက ဆိုသည်။

ပဲစင်းငုံဈေးနှုန်းများမှာ ပြီးခဲ့သည့် ဧပြီလမှစ၍ ပြည်ပဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဈေးနှုန်းမှာ တဖြည်းဖြည်း မြင့်တက်လာရာမှာ စံချိန်တင်ဈေးနှုန်းထိ ရောက်ရှိလာခဲ့ကြောင်း၊ ပဲစင်းငုံအထွက်နှုန်းကောင်းမွန်ခြင်းကြောင့် လာမည့်နှစ်ပဲပေါ်ချိန် ပဲစိုက်တောင်သူများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

"ပဲပေါ်ချိန်မှာ အထွက်နှုန်းကောင်းရင် ပုံမှန်ဈေးနှုန်းထက် မပိုနိုင်ပေမယ့် အိန္ဒိယဘက်က ဝယ်လိုအားမြင့်တက်လာရင် ဈေးကောင်းရနိုင်ပါတယ်။ မတ်ပဲတွေလို ခုကတည်းက ကြိုပွဲခွင့်အနေနဲ့ ဝယ်ခဲ့ရင်တော့ လာမယ့်နှစ်မှာ ပဲစင်းငုံစိုက်တောင်သူတွေ အကျိုးဖြစ်ထွန်းပြီပေါ့ဗျာ"ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့် ပွဲရုံ)က ပြောသည်။

ပဲစင်းငုံဈေးကွက်တွင် ၂၀၁၄ ခုနှစ်နှင့် ယခုနှစ်အစောပိုင်းက ပေါက်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ရှိပြီး ယခုနိုဝင်ဘာလကုန်ပိုင်းတွင် ငွေကျပ် ၁၀၅၀၀၀ ဈေးနှုန်းရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်(ရွှေဈေး) ၇၄၉၀၀၀ - ၇၄၉၀၀၀၊ မန္တလေး(ရွှေဈေး) ၇၄၉၀၀၀ - ၇၄၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၁၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၆၀/၆၇၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၂. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃. ၅၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၂၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၅၈၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၇. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၂၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၄. ၃၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၆. ၈၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောင်မင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာသီ၊ မေသဉ္ဇာကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးရွာ)
အထူးသတင်းထောက် - သုနှင်းလှဲ၊ သီရိ

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ် အာရပ်စ်ဆဲလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးမှုနှင့် တာဝန်လွှဲပြောင်းရေး ကိစ္စရပ်များ ချောမွေ့ အောင်မြင်စွာဖြစ်ပေါ်လာရေး ဆောင်ရွက်နေမှု၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိများတက်ရောက်ကြပြီး အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လ်လည်း တက်ရောက်သည်။ **(ယာပုံ)**

**(သတင်းစဉ်)**



**❖ ကချင်ပြည်နယ်မှ**

မြစ်ဆုံ၏သဘာဝအလှများကို အနီးကပ်သော်လည်းကောင်း၊ စက်တပ်လှေများဖြင့်သော်လည်းကောင်း မြစ်အတွင်းသို့ သွားရောက်လှေလာနိုင်သည်။

မြစ်ဆုံကိုသွားရောက်လည်ပတ်အပန်းဖြေကြသူများသည် မြစ်ကြီးနားမြို့ပေါ်မှတစ်ဆင့်ကိုယ်ပိုင်ကားများ၊ ဆိုင်ကယ်များဖြင့်လည်းကောင်း၊ အချို့မှာ ကားများစုပေါင်းငှားရမ်း၍လည်းကောင်း သွားလာကြသည်။ ယင်းသို့သွားလာရာတွင် မြစ်ကြီးနားမှ ကျိန်ခရန်ရွာအထိ ၂၁ မိုင်ခရီးကို သာယာဖြောင့်ဖြူးသော ကွန်ကရစ်လမ်းမကြီးအတိုင်း သွားရသည်။ ထို့နောက် ကျိန်ခရန်ရွာမှ တန်ဖဲရွာအထိ ကျောက်ချောလမ်း ခြောက်မိုင်ခရီးသွားရသည်။

အဆိုပါမြစ်ဆုံနေရာသည် ဧရာဝတီမြစ်ရေကျချိန် နိုဝင်ဘာလ၊ ဒီဇင်ဘာလမှစတင်ကာ မြစ်ကြီးနားမြို့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဘာသာရေးသင်တန်းကျောင်းသားများ၊ ခင်မင်ရင်းနှီးကြသည့်မိတ်ဆွေသူငယ်ချင်းများနှင့် မိသားစုအလိုက် လာကြသူများနှင့် တဖြည်းဖြည်းစည်ကားလာကာ အထူးသဖြင့် ခရစ်စမတ်ပွဲတော်ကာလမှ သင်္ကြန်ကာလများအထိ အထူးပင် စည်ကားလျက်ရှိကြောင်း သိရသည်။

## အမေရိကန်သံရုံး အသေးစားငွေကြေးထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဒီမိုကရေစီနည်းလမ်းနှင့်အညီ မျှတကောင်းမွန်သည့် လူ့ဘောင်အသိုင်းအဝန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသေးစားငွေကြေးထောက်ပံ့ခြင်းအခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံး၌ နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သံရုံး၏ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထောက်ပံ့မှုကို လျှောက်ထားခဲ့သည့် အရပ်ဘက်လူ့အဖွဲ့အစည်းများထဲမှ အ ဖွဲ့အစည်း ရှစ်ခုကိုရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရွေးချယ်မှုတွင် မကြာသေးမီက နိုင်ငံအတွင်းရေလွှမ်းမိုးမှုတွင် ပါဝင်ခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့ပါဝင်ကြောင်းသိရသည်။

ထောက်ပံ့မှုတွင် အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပညာပေးမြှင့်တင်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာအသိပညာရွေ့လျားသင်တန်းများပေးခြင်း၊ လူမှောင်ခိုတားဆီးကာကွယ်ရေးနှင့်အသိပညာပေးရေး အစရှိသည့် အခန်းကဏ္ဍများအတွက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်သံရုံး၏ အသေးစားထောက်ပံ့ခြင်းအစီအစဉ်ကို ၂၀၀၅ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းအထိ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြတ်စန္ဒီသင်းဇော်)**

## ကျေးရွာမြေဂ္ရာန်ရရှိရေး လျှောက်ထားဆောင်ရွက်နိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျေးရွာမြေများ မြေဂ္ရာန် ထုတ်ပေးနိုင်ရေးအထူးလုပ်ငန်းအဖွဲ့**
**သတင်းထုတ်ပြန်ကြေညာချက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက်)**
**(၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယင်းတို့၏ လိုလားချက်၊ လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူလူထုအနေဖြင့် ကျေးရွာမြေအတွင်း နေထိုင်ကြသော်လည်း ပိုင်ဆိုင်မှုအထောက်အထားမရှိသဖြင့် ဥပဒေနှင့်အညီ ခိုင်မာသောအထောက်အထား (Legal Document) ဖြစ်သည့် မြေဂ္ရာန်(မြေဂ္ရာစာချုပ်)ကို အထောက်အထားခိုင်မာစွာဖြင့် မြို့ပြဒေသများနည်းတူ ပိုင်ဆိုင်နေထိုင်နိုင်ရန်အတွက် စီမံချက်ချမှတ်၍ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၄၁ မှ နည်းဥပဒေ ၄၉(ခ)အထိနှင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၇၉(က)မှ နည်းဥပဒေ ၇၉(ဠ)အထိ တို့တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၄/ ၂၀၁၅)ဖြင့် ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် နေအိမ်ဝိုင်းများကို မြေဂ္ရာန်ထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးတစ်ဦးစီမှ အဖွဲ့ဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများမှ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ တွဲဖက်အတွင်းရေးမှူးအဖြစ် ပါဝင်သော ကျေးရွာမြေများ မြေဂ္ရာန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါ ကျေးရွာမြေများ မြေဂ္ရာန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့သည် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စု မြေဂ္ရာန်ထုတ်ပေးနိုင်ရေး လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာဌာနအကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းပြီး မြို့နယ်တစ်မြို့နယ်လျှင် မြေယာမှုခင်း အရှုပ်အထွေးမရှိသော ကျေးရွာတစ်ရွာစီအား ရွေးချယ်၍ ရှေ့ပြေးစမ်းသပ်မှုလုပ်ငန်း (Pilot Project) အနေဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုံမှန်သမားရိုးကျ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ ကျေးရွာသို့ လက်တွေ့ကွင်းဆင်းပြီး ကျေးရွာအိမ်ထောင်စုများက စုပေါင်းလျှောက်ထားစေလျက် ကျေးလက်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သဖြင့် မြို့နယ်ပေါင်း (၃၃၀) မြို့နယ်ရှိသည့်အနက် မြို့နယ် (၂၈၃) မြို့နယ်ရှိကျေးရွာ (၂၈၃) ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ စုစုပေါင်း မြေဂ္ရာန် (၃၂၀၅၇) ခုကို ထုတ်ပေးနိုင်ခဲ့သည်။

၄။ ကျေးရွာမြေများကို မြေဂ္ရာန်ထုတ်ပေးခြင်းအားဖြင့် ကျေးလက်နေပြည်သူများအတွက် ဥပဒေနှင့်အညီ ခိုင်မာသောမြေယာပိုင်ဆိုင်မှုများ ရရှိလာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်နှင့် မြို့ပြကွာဟမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်မှလည်း နိုင်ငံတော်အတွက် အခွန်ငွေများ တိုးတက်ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာမြေများကို မြေဂ္ရာန်ထုတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျေးလက်နေပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့်သော်လည်းကောင်း၊ အိမ်ထောင်စု (၁၀၀) (သို့မဟုတ်) ခြံကွက် (၁၀၀) တစုတပေါင်းတည်းအနေဖြင့်သော်လည်းကောင်း ကျေးရွာမြေဂ္ရာန်ရရှိရေး လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျေးရွာမြေဂ္ရာန်ထုတ်ပေးနိုင်ရေး အထူးလုပ်ငန်းအဖွဲ့**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ စင်ကာပူသို့ရောက်ရှိ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုး



**စင်ကာပူ နိုဝင်ဘာ ၂၄**

အိန္ဒိယနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၀ ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း၊ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် စင်ကာပူခရီးစဉ်အတွင်း နှစ်နိုင်ငံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေညာချက်တစ်ရပ်ကို စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့်အတူ ထုတ်ပြန်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နှစ်ရက်ကြာ ခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည်။ မိုဒီသည် စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်းနှင့် သမ္မတ တိုနီတန်ကန်ယမ်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကာကွယ်ရေး၊ ကွန်ပျူတာ ကွန်ရက်လုံခြုံရေး၊ သင်္ဘောလုပ်ငန်း၊ ယဉ်ကျေးမှု၊ မြို့ပြလေကြောင်းတို့ အပါအဝင် နယ်ပယ်ရပ် အမျိုးမျိုး၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗီကက်စ် ဆွာရပ်က ပြောကြားသည်။

ဝန်ကြီးချုပ် မိုဒီ၏ ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် တံဆိပ်ခေါင်းများကိုလည်း ထုတ်ဝေခဲ့သည်။ **ပီတီအိုင်။**




**သေဆုံးသွားသည့် ပါကစ္စတန်အမျိုးသမီး လေယာဉ်မှူး မာရီရမ်မွတ်ခ်တီယာ။**

## လေ့ကျင့်ရေးဂျက်လေယာဉ်တစ်စင်းပျက်ကျမှုကြောင့် ပါကစ္စတန်အမျိုးသမီးလေယာဉ်မှူးတစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၄**

ပါကစ္စတန်နိုင်ငံအလယ်ပိုင်း မီရန်ဝါလီမြို့အနီး၌ နိုဝင်ဘာ ၂၄ ရက်က လေ့ကျင့်ရေးဂျက်လေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ပါကစ္စတန်လေတပ်မှ အမျိုးသမီးလေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ပြီး ယင်းဖြစ်ရပ်မှာ အမျိုးသမီး လေယာဉ်မှူးအနည်းငယ်သာရှိသော ပါကစ္စတန်အတွက် ပထမဆုံးသော ဆုံးရှုံးမှုဖြစ်ကြောင်း စစ်ဘက်ကပြောကြားသည်။

အဆိုပါလေယာဉ်ပျက်ကျမှုမှာ ပုံမှန်လေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်လေတပ်က ပြောကြားသည်။ ဒုတိယမြောက်လေယာဉ်မှူးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့ကြောင်း သိရသည်။ လေ့ကျင့်ရေးမစ်ရှင် နောက်ဆုံးအဆင့်များအတွင်း စိုးရိမ်ရသော အရေးပေါ် အခြေအနေကြုံတွေ့ချိန်တွင် လေယာဉ်မှူး ဆာကစ်အဘာစီနှင့် ပျံသန်းရေးအရာရှိ မာရီရမ်မွတ်ခ်တီယာတို့မှာ ပုံမှန်လေ့ကျင့်ရေးမစ်ရှင်တစ်ခု ပြုလုပ်နေခြင်းဖြစ်ကြောင်း ပါကစ္စတန်လေတပ်ကဆိုသည်။ အသက်အန္တရာယ်ဘေးကင်းစေရန်နှင့် မြေပြင်ပေါ်ရှိနိုင်ငံသားများ၏ ပစ္စည်းဥစ္စာများ ပျက်စီးမှုမရှိစေရန် လေယာဉ်မှူးနှစ်ဦးစလုံးက လေယာဉ်အား မီရန်ဝါလီမြို့ ခွန်ဒီယမ်ဒေသတွင် ထိုးချပစ်ခဲ့သည်။ မာရီရမ်မွတ်ခ်တီယာမှာ တာဝန်ချိန်အတွင်း သေဆုံးသည့် ပါကစ္စတန်လေတပ်မှ ပထမဆုံးသော အမျိုးသမီးလေယာဉ်မှူးတစ်ဦးဖြစ်သည်။

နောက်ဆုံးရရှိသည့်ကိန်းဂဏန်းအရ ၂၀၁၃ ခုနှစ်တွင် ပါကစ္စတန်လေတပ်၌ အမျိုးသမီးလေယာဉ်မှူး ၁၉ ဦးရှိသည်။ ယခုပျက်ကျမှုမှာ ပါကစ္စတန်စစ်ဘက်အတွက် လူအသေအပျောက်ရှိသော နောက်ဆုံးဖြစ်ရပ်ဖြစ်သည်။ ပြီးခဲ့သည့်မေလအတွင်းက ခရီးသွားစီမံကိန်းတစ်ခုကိုစစ်ဆေးရန် သံတမန်များ တင်ဆောင်လာသော စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ နော်ဝေနှင့်ဖိလစ်ပိုင်သံအမတ်ကြီးများအပါအဝင် လူခုနစ်ဦးသေဆုံးခဲ့သည်။ ဩဂုတ်လအတွင်းကလည်း လေတပ်လူနာတင် လေယာဉ်တစ်စင်းအဖြစ် အသုံးပြုထားသော စစ်ဘက်ရဟတ်ယာဉ်တစ်စင်း မန်ဆက်ဟရာ ခရိုင် မြောက်ပိုင်းအနီး ပျက်ကျခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့သည်။

**ရိုက်တာ။**



# ကလေးငယ် သန်း ၆၉၀ ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ရင်ဆိုင်နေရ

**ဂျီနီဗာ နိုဝင်ဘာ ၂၄**

ကလေးသူငယ် သန်း ၅၃၀ သည် ရေကြီးရေလျှံမှုဆိုးဆိုးရွားရွားဖြစ်ပွားသည့် နေရာဒေသများတွင် နေထိုင်နေရပြီး ကလေးသူငယ် သန်း ၁၆၀ သည် မိုးခေါင်ရေရှားသည့်ဒေသများတွင် ရှင်သန်ရပ်တည်နေရသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က နိုဝင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါအစီရင်ခံစာကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက် ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဖရင့် မတိုင်မီ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာအရ ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာဒေသများတွင် နေထိုင်သည့် ကလေးသူငယ် သန်း ၅၃၀ အနက် သန်း ၃၀၀ သည် လူဦးရေ ၅၀ ရာခိုင်နှုန်းကျော် ဆင်းရဲမွဲတေသည့် နိုင်ငံများတွင် နေထိုင်လျက်ရှိသည်ဟု ဆိုသည်။

အဆိုပါအစီရင်ခံစာအရ မိုးခေါင်ရေရှားသည့် ဒေသများတွင် နေထိုင်သည့် ကလေးသူငယ် သန်း ၁၆၀ အနက် သုံးပုံတစ်ပုံနီးပါး (သန်း ၅၀) သည် လူဦးရေထက်ဝက်ကျော် ဆင်းရဲမွဲတေသည့် နိုင်ငံများတွင် နေထိုင်လျက်ရှိသည်ဟု သိရသည်။ ယင်းအရေအတွက်သည် ချက်ချင်း ဆောင်ရွက်ရမည့် အရေးအတွက်ဖြစ်ကြောင်း မီးမောင်းထိုးပြနေသည်ဟု ယူနီဆက်အမှုဆောင် ဒါရိုက်တာ အန်ထော်နီလိခ်က ပြောကြားသည်။

"ဒီနေ့ခေတ်မှာ ကလေးသူငယ်တွေဟာ ရာသီဥတုပြောင်းလဲလာမှုရဲ့ သားကောင်တွေဖြစ်လာပြီး သူတို့ရဲ့ မျိုးဆက်သစ်တွေဟာလည်း ဒီအကျိုးဆက်တွေကို ခံစားရပါလိမ့်မယ်။ ဆင်းရဲချို့တဲ့တဲ့ လူမှုအသိုင်းအဝိုင်းဟာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားရလိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယူနီဆက်၏ အစီရင်ခံစာအရ ရေကြီးရေလျှံမှုဒဏ်အများဆုံးခံစားရမည့်ဒေသမှာ အာရှဒေသဖြစ်ပြီး မိုးခေါင်ရေရှားမှုဒဏ် အများဆုံး ခံစားရမည့်ဒေသမှာ အာဖရိကတိုက်ဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဖရင့်ကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့ခေါင်းဆောင်များက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် အဖြေရှာဆွေးနွေးသွားမည်ဖြစ်သည်။

**ဆင်ဟွာ။**

## ကနေဒါဆက်သွယ်ရေး ဂြိုဟ်တုကို ဂျပန်ဒုံးယာဉ်ဖြင့် လွှတ်တင်

**တိုကျို နိုဝင်ဘာ ၂၄**

ဂျပန်နိုင်ငံသည် ကနေဒါ ဂြိုဟ်တုကုမ္ပဏီတစ်ခုအတွက် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို နိုဝင်ဘာ ၂၄ ရက်တွင် အိတ်ချ်-၂ အေ အမျိုးအစား ဒုံးယာဉ်ဖြင့် လွှတ်တင်ပေးလိုက်ပြီ ဖြစ်သည်။ ဂြိုဟ်တုလွှတ်တင်သည့် ဝန်ဆောင်မှု ဈေးကွက်တွင်းသို့ ဂျပန်နိုင်ငံက ပထမဆုံးအကြိမ် ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ယင်းဆက်သွယ်ရေးဂြိုဟ်တုသည် တောင်အမေရိကဒေသမှသည် အရှေ့အလယ်ပိုင်းဒေသအထိ အင်တာနက်ချိတ်ဆက်မှုပြုနိုင်စေမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာရိုရှီးမားစီရင်စုရှိ တာနီဂါရှီးမား ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုကို လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

ရုပ်သံလွှင့်လုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် သတင်းအချက်လိုင်းများ ထုတ်လွှင့်ပေးမည့် တယ်စတား-၁၂ အမည်ရှိ အဆိုပါဂြိုဟ်တုကို ဂျပန်ဒုံးယာဉ်အမှတ် ၂၉(အိတ်ချ်-၂ အေ အက်ဖ် ၂၉) ဖြင့် လွှတ်တင်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ လေကြောင်းအာကာသစူးစမ်းလေ့လာရေး အေဂျင်စီနှင့် မစ်ဆူဘီရှီ အကြီးစား စက်မှုလုပ်ငန်းတို့က ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

## အက်စ်ယူ-၂၄ အမျိုးအစား ဂျက်တိုက်လေယာဉ် ဆီးရီးယားတွင်ပျက်ကျဟု ရုရှားအတည်ပြု

**မော်စကို နိုဝင်ဘာ ၂၄**


အက်စ်ယူ-၂၄ အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဆီးရီးယားနိုင်ငံအတွင်း ပျက်ကျခဲ့ကြောင်း၊ ယင်းလေယာဉ်သည် တူရကီလေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းမရှိကြောင်း၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၄ ရက်တွင် အတည်ပြုပြောကြားသည်။

ရုရှားအက်စ်ယူ-၂၄ အမျိုးအစား ဂျက်တိုက်လေယာဉ်သည် ဆီးရီးယားလေကြောင်းပိုင်နက်အတွင်း အမြင့်မီတာ ၆၀၀၀ မှ ပျက်ကျခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျရခြင်းမှာ မြေပြင်မှ ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ အမည်မဖော်သူတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရုရှားစစ်လေယာဉ်သည် ပျံသန်းမှုတစ်လျှောက်လုံးတွင် ဆီးရီးယားလေကြောင်းပိုင်နက်အတွင်း၌သာ ရှိနေခဲ့ကြောင်း၊ လေယာဉ်၏ ပျံသန်းမှုကို မှတ်တမ်းတင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကနဦးရရှိသည့် သတင်းအရ လေယာဉ်မှူးနှစ်ဦးမှာ အသက်ကယ်ထိုင်ခုံမှလေထီးကိုဖွင့်ကာ လွတ်မြောက်သွားကြောင်း သိရပြီး အသေးစိတ်အကြောင်းအရာများကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**



# နိုင်ငံအတွက် အလုပ်လုပ်ကြမည့်သူများဖြစ်ခြင်းကြောင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်၍ နိုင်ငံအား တည်ငြိမ်အောင်လုပ်ဆောင်ကြရမည်



**နေပြည်တော် နိုဝင်ဘာ ၂၄**

မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော ဆက်ဆံရေး မရှိစရာအကြောင်းမရှိကြောင်း၊ နိုင်ငံအတွက် အလုပ်လုပ်ကြမည့်သူများဖြစ်ခြင်းကြောင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်၍ နိုင်ငံအားတည်ငြိမ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ယင်းကဏ္ဍတွင် တပ်မတော်အနေဖြင့် အပြည့်အဝ ပါဝင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ် အာ ရပ်စ်ဆဲလ်အား လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူးရုံး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြပြီး လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကာလ နိုင်ငံရေးလျှောက်လှမ်းမှုနှင့် ယင်းအပေါ် အမေရိကန်ကွန်ဂရက်၏ သဘောထားအမြင်များ၊ ရွေးကောက်ပွဲလွန်ကာလ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်မည့်အခြေအနေ၊ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ၏ တိုးတက်မှု၊ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့်အဖွဲ့များ ပါဝင်လာနိုင်မည့်အခြေအနေနှင့် တိုင်းရင်းသားရေးရာများ ဆွေးနွေးကြသည်။ **(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါရှင်တန်ပို့စ်သတင်းစာမှ မေးမြန်းမှုများ ရှင်းလင်းဖြေကြား



**နေပြည်တော် နိုဝင်ဘာ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၁ ရက် ညနေ ၃နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဝါရှင်တန်ပို့စ်သတင်းစာမှ Senior Associate Editor ဖြစ်သူ Elizabeth (Lally) Graham Weymouth အား လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ စစ်ဘက်အရပ်ဘက် ဆက်ဆံရေး၊ မြန်မာ-အမေရိကန်ဆက်ဆံရေး အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး အခြေအနေများ၊ ခိုင်မာသည့်ပါတီစုံ ဒီမိုကရေစီစနစ် ဖော်ဆောင်မှုနှင့် တပ်မတော်၏ရပ်တည်မှုအခန်းကဏ္ဍဆိုင်ရာ သဘောထားအမြင်များ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါသတင်းစာ Editor သည် ၂၅ နှစ်အတွင်း ကမ္ဘာ့ခေါင်းဆောင်များစွာနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တူရကီနိုင်ငံဝန်ကြီးချုပ်၊ အီဂျစ်နိုင်ငံသမ္မတ၊ တောင်ကိုရီးယားနိုင်ငံသမ္မတ၊ ဘရားဇီးနိုင်ငံသမ္မတ၊ လက်ဘနွန်နိုင်ငံဝန်ကြီးချုပ်၊ ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒရေးရာမှ အဆင့်မြင့်ကိုယ်စားလှယ်၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် ယူကရိန်းနိုင်ငံသမ္မတတို့အား တွေ့ဆုံမေးမြန်းခဲ့ကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ခေတ္တအခြေပြုရာ Siam Kempinski Hotel ၌ 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16) အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ လာအိုပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ်၊ မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်**(ယာပုံ)**၊ ကမ္ဘောဒီးယားတော်ဝင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးချုပ်၊ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအပါအဝင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**



# မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်ဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ် အာ ရပ်စ်ဆဲလ်အား ယနေ့ နံနက် ၉ နာရီခွဲအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ပါကစ္စတန်အမျိုးသားစီမံခန့်ခွဲမှု ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပါကစ္စတန်အမျိုးသားစီမံခန့်ခွဲမှုသင်တန်းကျောင်းမှ Directing Staff အဖွဲ့ဝင် Mr. Shahid Rahim Sheikh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုတွေ့ဆုံပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းက ပါကစ္စတန်အဖွဲ့အား မြန်မာ့နိုင်ငံခြားရေးမူဝါဒ ဖြစ်ပေါ်တိုးတက်လာမှုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတို့ကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်း အကြောင်းဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ နိုဝင်ဘာ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိချိုက “စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နည်း” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

**(ကိုချစ်)**

# ဒေါ်လာရိုက်ဖေးရှင်း၊ ဒီဒေါ်လာရိုက်ဖေးရှင်း

စောနိုင်
(အသုံးချဘောဂဗေဒ)

ဒေါ်လာရိုက်ဖေးရှင်း (Dollarization)ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ စီးပွားရေးအဆောက်အအုံ တစ်ခုထဲတွင် ပြည်တွင်းသုံးငွေကြေးထက် နိုင်ငံတကာမှ လက်ခံသည့် ငွေမာဟုခေါ်သော အမေရိကန်နိုင်ငံသုံး ဒေါ်လာငွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေခြင်းဖြစ်သည်။ ငွေစာရင်းယူနစ်အဖြစ်လည်းကောင်း၊ ရောင်းဝယ်မှုများအတွက် ပေးချေရန်လည်းကောင်း၊ တန်ဖိုးကို သိုလှောင်ပေးသည့်အရာအဖြစ်လည်းကောင်း၊ နိုင်ငံတကာမှလက်ခံနိုင်သော အရင်းအနှီးငွေသားအဖြစ် နိုင်ငံခြားသို့ ထုတ်ယူရာတွင်လည်းကောင်းစသည်ဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် ဒေါ်လာကိုအသုံးပြုကြသည်။ တစ်နည်းဆိုသော် ပြည်တွင်းငွေကြေးထက် ဒေါ်လာကို စီးပွားရေးအဆောက်အအုံအတွင်း ငွေကြေးလုပ်ဆောင်ချက်များအားလုံးအတွက် ပိုမိုအသုံးပြုနေခြင်းဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ဒေါ်လာငွေသည် ထိုနိုင်ငံ၏ ပြည်တွင်းသုံးငွေထက် ပိုမိုတွင်ကျယ်လျက် နေရာရနေတော့သည်။

ဒေါ်လာရိုက်ဖေးရှင်းသည် စီးပွားရေးတည်ငြိမ်မှုမရှိသောနိုင်ငံများနှင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားသော နိုင်ငံများတွင် ဖြစ်ပေါ်နေတတ်သည်။ ငွေဖောင်းပွမှုအားကောင်းနေသည့် ဖွံ့ဖြိုးဆဲဘဝမှ ရုန်းထခါစနိုင်ငံများတွင် ပို၍ပင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေ၏။ ထိုနိုင်ငံများတွင် ပြည်တွင်းငွေပမာဏ များစွာကိုင်ထားကြသည့် သူများက ၎င်းတို့ပိုင်ဆိုင်သည့် ပြည်တွင်းငွေကြေး၏ တန်ဖိုးလျော့ကျခြင်း အန္တရာယ်ကို ကာကွယ်နိုင်ရန် ပြည်တွင်းငွေကြေးများကို ဒေါ်လာနှင့်ဖလှယ်၍ ဒေါ်လာအဖြစ်နှင့်သာ ကိုင်ထားတတ်ကြသည်။ ထိုအခြေအနေများကြည့်ခြင်းအားဖြင့် ဒေါ်လာရိုက်ဖေးရှင်း ဖြစ်ပေါ်နေသည့်နိုင်ငံ၌ ပြည်တွင်းငွေကြေး၏ တန်ဖိုးအပေါ်ထားရှိသည့်သဘောထားကို ရိပ်မိနိုင်သည်။ ဒေါ်လာရိုက်ဖေးရှင်းဖြစ်ပေါ်မှုတွင် တရားဝင်ဖြစ်ပေါ်မှုနှင့် တရားမဝင်ဖြစ်ပေါ်မှုဟူ၍ ရှိတတ်သည်။ အသုံးပြုမှုအခြေအနေများပေါ်မူတည်၍ တရားဝင်ခွင့်ပြုထားသော နိုင်ငံများ၌ ငွေစာရင်းများထဲတွင် ထည့်သွင်းအသုံးပြုနိုင်သည့် ငွေစာရင်းယူနစ်အဖြစ်လည်းကောင်း၊ ရောင်းဝယ်မှုများငွေပေးချေရာ၌လည်းကောင်း အသုံးပြုနေသည်များရှိသကဲ့သို့ အများပြည်သူနှင့် သက်ဆိုင်သော နယ်ပယ်များတွင်ပါ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်ကို တွေ့ရသည်။ ခွင့်ပြုထားခြင်းမရှိသည့် နိုင်ငံများတွင်မူ အများအားဖြင့် တန်ဖိုးသိုလှောင်ပေးသည့်အရာ၊ ရင်းနှီးငွေအဖြစ် စုဆောင်းနိုင်သည့်အရာအဖြစ် အသုံးပြုကြသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ အဆိုအရ ဒေါ်လာရိုက်ဖေးရှင်းဖြစ်နေသော သို့မဟုတ် ဒေါ်လာကျယ်ပြန့်စွာအသုံးပြုနေသော နိုင်ငံများသည် အမေရိကန်နိုင်ငံနှင့်သမိုင်းကြောင်း အစဉ်အလာအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ အဆက်အစပ်ရှိသော နိုင်ငံများ ဖြစ်သည်ဟု သိရသည်။ သေးငယ်သည့် ကျွန်းနိုင်ငံများအပါအဝင် အီကွေဒေါ၊ အယ်လ်ဆာလ်ဗဒိုး၊ ပနားမား၊ တီမောလက်စ်တေနှင့် ဇင်ဘာဘွေနိုင်ငံများလည်း ပါဝင်သည်။ ထိုနိုင်ငံများ၏ ဘဏ်ငွေချေးခြင်းနှင့် ငွေအပ်နှံမှုအပိုင်းတွင် အမေရိကန်ဒေါ်လာသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ရှိနေသည်ဟုဆိုသည်။

ဒေါ်လာရိုက်ဖေးရှင်းဖြစ်နေသောနိုင်ငံတွင် ကောင်းကျိုးနှင့် ဆိုးကျိုးနှစ်ရပ်စလုံးရှိသည်ဟု လေ့လာတွေ့ရှိသုံးသပ်ချက်များ ဖော်ပြထားသော်လည်း နိုင်ငံခြားငွေကြေးတစ်ရပ်၏ လွှမ်းမိုးမှုကို မနှစ်သက်သောကြောင့်လည်းကောင်း၊ လက်မခံနိုင်သည့် အခြားသော ဆိုးကျိုးများ၊ သက်ရောက်မှုများကြောင့်လည်းကောင်း ဒီဒေါ်လာရိုက်ဖေးရှင်း (De-dollarization) ပြုလုပ်လာကြသည့် နိုင်ငံများစွာကို တွေ့ရှိလာရသည်။ ဒီဒေါ်လာရိုက်ဖေးရှင်းမှာမူ စီးပွားရေးအဆောက်အအုံအတွင်း ဒေါ်လာအသုံးပြုမှုပမာဏ နည်းပါးသွားစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဒေါ်လာကျယ်ပြန့်စွာ သုံးစွဲနေမှုအခြေအနေ (ဒေါ်လာရိုက်ဖေးရှင်း)ကို လေ့လာကြည့်သောအခါ အင်ဖော်မယ်လ် ဈေးကွက်များကြီးထွားနေမှုနှင့်အတူ ဒေါ်လာကိုငွေစာရင်းယူနစ်၊ အရောင်းအဝယ်ပေးချေမှုကိရိယာနှင့် တန်ဖိုးသိုလှောင်ကိရိယာအဖြစ် မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအနည်းငယ်သော လူအချို့က အသုံးပြုနေပြီး ဘဏ်များနှင့် ဆက်စပ်မှုတွင် ငွေလွှဲလက်ခံခြင်း၊ ငွေစာရင်းဖွင့်ခွင့်ပေးခြင်းမှလွဲ၍ (မိမိသိရှိရသည့်သတင်းများအရ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်မှလွဲ၍) ပုဂ္ဂလိကဘဏ်များတွင် ဒေါ်လာအပ်နှံငွေ မထွန်းကားသေးပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒေါ်လာရိုက်ဖေးရှင်းအခြေအနေ ပြင်းထန်နေသည်ဟုမပြောနိုင်သကဲ့သို့ ဒေါ်လာရိုက်ဖေးရှင်းဖြစ်နေသည်ဟုလည်း မဆိုနိုင်ပေ။ သို့သော် မြန်မာနိုင်ငံ၏ဗဟိုဘဏ်မှ မေလအကုန်လောက်က ပြုလုပ်ခဲ့သော အားထုတ်မှုနှင့် ပြီးခဲ့သည့် အောက်တိုဘာလ ၁၃ ရက်နေ့ နိုင်ငံခြားသုံးငွေ(ဒေါ်လာ)လက်ခံကိုင်ဆောင်ခွင့် လိုင်စင်များရုပ်သိမ်းခြင်း အားထုတ်မှုသည် ဒီဒေါ်လာရိုက်ဖေရှင်းစတင် လုပ်ဆောင်သည့် သဘောပင်ဖြစ်သည်။

ဗဟိုဘဏ်၏ ရည်ရွယ်ချက်များတွင် စီးပွားရေးအဆောက်အအုံအတွင်း ဒေါ်လာလိုအပ်ချက်ပမာဏကျဆင်းလာပြီး ဒေါ်လာအသုံးပြုမှုလျော့ကျစေရန်၊ ပြည်တွင်းသုံးငွေကျပ် အသုံးဝင်မှုမြင့်မားလာစေပြီး နိုင်ငံခြားငွေလဲနှုန်း တည်ငြိမ်စေရန်စသဖြင့် နိုင်ငံခြားငွေဈေးကွက်မှ ငွေလဲနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုစေသည့် အချက်များပါဝင်သည်။ ဤနေရာတွင် ဒေါ်လာရိုက်ဖေးရှင်းနှင့် ဒီဒေါ်လာရိုက်ဖေးရှင်းတို့၏ သက်ရောက်မှုများ ပြန်လည်လေ့လာမိသည်။ သုတေသီတို့၏ လေ့လာတွေ့ရှိချက်များတွင် ဒေါ်လာရိုက်ဖေးရှင်းသည် ငွေဖောင်းပွမှုကို ကျဆင်းစေသည်ဟု အခိုင်အမာကောက်ချက်ချနိုင်ခြင်းမရှိဟု ဆိုထားသကဲ့သို့ ဒီဒေါ်လာရိုက်ဖေးရှင်းသည်လည်း ပြည်တွင်းငွေလဲလှယ်နှုန်း တည်ငြိမ်နိုင်မည်ဟု တစ်ထစ်ချမှန်းဆ၍ မရနိုင်ကြောင်း သုံးသပ်ချက်များလည်းတွေ့ရသည်။ နိုင်ငံများစွာတွင် ဒီဒေါ်လာရိုက်ဖေးရှင်းအတွေ့အကြုံများရှိနှင့် နေပြီးသားဖြစ်၍လေ့လာနိုင်ပါသည်။

ထိုနိုင်ငံများ၏ အတွေ့အကြုံများမှ ဒီဒေါ်လာရိုက်ဖေးရှင်းပြုလုပ်မည့်နိုင်ငံများစဉ်းစားသင့်သည့် အချက်များကို တွေ့ရသည်-

- ကာလတိုတွင် ပြည်တွင်းသုံးငွေကြေး ပိုမိုသုံးစွဲလာစေရန် ဆွဲဆောင်မှုပြုလုပ်နိုင်သည့် ပေါ်လစီများရေးဆွဲခြင်းနှင့် နိုင်ငံ၏ငွေကြေးပေါ်လစီအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ရရှိလာစေရန် ဗဟိုဘဏ်အနေဖြင့် အားထုတ်ခြင်း၊
- စွမ်းရည်ရှိမေခရိုပေါ်လစီများနှင့် ခိုင်မာသည့် အင်စတီကျူးရှင်းများထူထောင်၍ ကာလရှည်အစီအမံပြင်ဆင်ထားခြင်း၊
- ဖိအားပေးလုပ်ဆောင်သည့် ဒီဒေါ်လာရိုက်ဖေးရှင်း (forced de-dollarization) ထက်ဈေးကွက်ယန္တရားကို အခြေခံသော ဒီဒေါ်လာရိုက်ဖေးရှင်း (market-driven de-dollarization)ကို ဦးစားပေးလုပ်ဆောင်ခြင်း၊
- တည်ငြိမ်မှုမရှိသော စီးပွားရေးဝန်းကျင်တွင် ဖိအားပေးလုပ်ဆောင်သည့် ဒီဒေါ်လာရိုက်ဖေးရှင်းသည် ဘဏ်လုပ်ငန်းများကို မတည်မငြိမ်ဖြစ်စေခြင်း၊ အရင်းအနှီးများ နိုင်ငံပြင်ပသို့ စီးထွက်ခြင်းနှင့် လုပ်ငန်းများ အခက်အခဲများ ကြုံရတတ်ခြင်း၊
- အောင်မြင်သော ဒီဒေါ်လာရိုက်ဖေးရှင်းသည် အချိန်ယူရသည့် ဖြစ်စဉ်ဖြစ်ပြီး ပေါ်လစီအကျိုးဆက်များကိုလည်း ကြိုတင်သတိပြု၍ လိုအပ်သည်များပြင်ဆင်ထားခြင်း၊
- နိုင်ငံတကာအခြေအနေထက် ပြည်တွင်းအခြေအနေများက ပို၍အရေးကြီးသည်ကို သဘောပေါက်နားလည်ခြင်း၊
- ဒီဒေါ်လာရိုက်ဖေးရှင်းသည် အလွန်ဖြည်းညင်းစွာ ဖြစ်ပေါ်နိုင်သည့် ဖြစ်စဉ်ဖြစ်ပြီး မူဝါဒချမှတ်သူများအနေဖြင့် နှစ်ကာလအတိုင်းအတာတစ်ခုထိ အချိန်ယူ၍ ပြုပြင်ပြောင်းလဲမှုအရှိန် အဆက်မပြတ်စေရန် ဆောင်ရွက်ရခြင်း၊

ဒီဒေါ်လာရိုက်ဖေးရှင်းသည် အလောတကြီး၊ စိတ်မြန်လက်မြန်ဆောင်ရွက်ရသည့် အခြေအနေမျိုးမဟုတ်၊ ဖြည်းဖြည်းမှန်မှန် အချိန်ယူအားထုတ်ရသော ဖြစ်စဉ်တစ်ခုဖြစ်သည်ကို အခြားသော နိုင်ငံများ၏ အတွေ့အကြုံများကိုကြည့်၍ သိနိုင်ပေသည်။ ။

## ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ကျောက်ဖြူ နိုဝင်ဘာ ၂၄**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောက်ဖြူမြို့နယ် မြို့သစ်-မြောက်ချောင်လမ်း (မြေခဲ့+ဂဝံ) ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၃ ရက်တွင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။ **(ကြေးမုံ)**

## တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှစပြီး ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင် ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၉ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ 'ဝ'ဘာသာ အစီအစဉ်၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၇ နာရီမှ ည ၈ နာရီအထိ စကောကရင် ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ည ၉ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ည ၁၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ည ၁၁ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်။ **(ကြေးမုံ)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဟိုပင် |
| ၃။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီး |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ရေဦး |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင်၊ ကြို့ပင်ကောက် |
| ၆။ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ စေတုတ္တရာ၊ အောင်လံ၊ ဆင်ပေါင်ဝဲ |
| ၇။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ သာစည်၊ ညောင်ဦး |
| ၈။ | မွန်ပြည်နယ် | ချောင်းဆုံ၊ ပေါင် |
| ၉။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ သုံးခွ |
| ၁၁။ | ရှမ်းပြည်နယ် | ပင်းတယ၊ ကွတ်ခိုင်၊ နမ္မတူ၊ မိုင်းဖြတ် |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ မြန်အောင်၊ ကြံခင်း |

**မီး**

**သတိပြု**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာရှေ့ဖုံးတွင်ဖော်ပြထားသော **"အာဆီယံအသိုက်အဝန်းသုံးခုကို၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တစ်ပြိုင်နက်တည်း နိုင်ငံအားလုံးမှာ ထူထောင်ရန်ဆုံးဖြတ်"** ခေါင်းစဉ်ပါ အင်တာဗျူးသတင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းမှုတွင် Plannary Section အစား Plenary Session ဟုလည်းကောင်း၊ Conversion အစား Convention ဟုလည်းကောင်း၊ ASEAN Coordinate Counsel အစား ASEAN Coordinating Council ဟုလည်းကောင်းပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

# ရသင့်ရထိုက်သော အခွန်အကောက်များ တိုးတက်ရရှိရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်

**နေပြည်တော်　နိုဝင်ဘာ　၂၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ **၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်း ၃ ခုကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်း၊ ပထမ ၆ လပတ်အတွက် အခွန်ကောက်ခံရရှိမှု ရှင်းလင်းတင်ပြခြင်း၊ ဒုတိယ ၆ လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် **၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၏ ခွင့်ပြုသုံးငွေမှာ ငွေကျပ် ၂၃၀၁၆ ဒသမ ၅ ဘီလီယံဖြစ်ပြီး ထပ်မံဖြည့်စွက်တောင်းခံငွေကျပ် ၂၅၃၅ ဒသမ ၁ ဘီလီယံဖြစ်သဖြင့် မူလခွင့်ပြုငွေ၏ ၁၁ ဒသမ ၀၁ ရာခိုင်နှုန်း တောင်းခံခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ တိုးမြှင့်တောင်းခံသည့်ငွေများတွင် နိုင်ငံတော်သို့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်အဖြစ်ပေးသွင်းရန် တောင်းခံငွေကျပ် ၂၉၂ ဒသမ ၃၈၈ ဘီလီယံ၊ ပြည်ပအကူအညီရငွေနှင့် ခွင့်ပြုပြီးချေးငွေတို့အတွက် တောင်းခံငွေကျပ် ၃၈၁ ဒသမ ၄၅၁ ဘီလီယံ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ၁၀၂၀ ကျပ်မှ ၁၂၈၅ ကျပ်သို့ ပြောင်းလဲတွက်ချက်ရသဖြင့် တောင်းခံငွေကျပ် ၆၃၅ ဒသမ ၄၈၄ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၃၀၉ ဒသမ ၃၂၃ ဘီလီယံဖြစ်သဖြင့် သာမန်နှင့် ငွေလုံးငွေရင်းများအတွက် တိုးမြှင့်တောင်းခံငွေမှာ ငွေကျပ် ၁၂၂၅ ဒသမ ၇၈၀ ဘီလီယံ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အမှန်အသုံးပြုရန် တိုးမြှင့်တောင်းခံငွေမှာ မူလခွင့်ပြုငွေ၏ ၅ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ဝန်ကြီးဌာနများ၏ တိုးမြှင့်တောင်းခံငွေ စုစုပေါင်းငွေကျပ် ၁၈၅၆ ဒသမ ၈၀၀ ဘီလီယံအနက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ တိုးမြှင့်တောင်းခံငွေသည်



လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။



ငွေကျပ် ၉၇၂ ဒသမ ၂၅၄ ဘီလီယံ ဖြစ်သောကြောင့် ဝန်ကြီးဌာန ဦးစီးဌာနများ၏ တိုးမြှင့်တောင်းခံငွေသည် ငွေကျပ် ၈၈၄ ဒသမ ၅၄၅ ဘီလီယံ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ တိုးမြှင့်တောင်းခံငွေတွင်လည်း နိုင်ငံတော်ရန်ပုံငွေ မဟုတ်သည့် လုပ်ငန်းသုံးရင်းနှီးငွေသည် ငွေကျပ် ၅၈၇ ဒသမ ၉၇၅ ဘီလီယံဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ရေးဆွဲတင်ပြသည့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ စုစုပေါင်းပိုမို သုံးစွဲငွေသည် မူလခွင့်ပြုသုံးငွေထက် ငွေကျပ် ၄၅ ဒသမ ၆၉၇ ဘီလီယံသာ ပိုသည်ကို တွေ့ရပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည်လည်း ၄ ဒသမ ၉၃ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၉ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားသဖြင့် ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိသည်ကိုတွေ့ရပါကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်များတွင် လေ့လာချက်အရ အမှန်အသုံးစရိတ်များသည် မူလခန့်မှန်းခြေ(BE)နှင့် ပြုပြင်ပြီးခန့်မှန်းခြေ(RE)တို့ထက် လျော့နည်းလေ့ရှိပြီး လိုငွေနှင့် ဂျီဒီပီအချိုးများသည် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေတို့ထက် ပိုမိုလျော့နည်းကောင်းမွန်သည်ကို တွေ့ရှိရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ ထောက်ခံတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၄၅ ချက်ရှိသည့် **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ်အတွက် အခွန်ကောက်ခံရရှိမှု အခြေအနေ**ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများမှ ကောက်ခံသောအခွန် စုစုပေါင်း ၁၈ မျိုးရှိပါကြောင်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ်တွင် ပြည်ထောင်စု၏ အခွန်ရငွေလျာထားချက် ငွေကျပ် ၂၀၂၇ ဒသမ ၆၄၂ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၂၃၅၇ ဒသမ ၈၀၅ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၁၆ ဒသမ ၂၈ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တာဝန်ယူကောက်ခံသည့် ဌာနများအလိုက်ကြည့်ပါက ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကောက်ခံသည့် အခွန် ၅ မျိုးအတွက် အခွန်ရငွေလျာထားချက် ငွေကျပ် ၁၇၆၆ ဒသမ ၂၂၀ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၂၀၂၅ ဒသမ ၀၁၅ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခြား ပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုမှ ကောက်ခံသော အခွန် ၁၃ မျိုးအတွက် လျာထားချက်ငွေကျပ် ၂၆၁ ဒသမ ၄၂၂ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၃၃၂ ဒသမ ၇၉၀ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၂၇ ဒသမ ၃၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တိုင်းပြည်၏ အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသော အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည် ဖြစ်သည့်အတွက် ရသင့်ရထိုက်သော အခွန်ငွေအပေါ်ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ တိုးတက်ရရှိရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အခွန်ထမ်းပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထုက လိုက်နာဆောင်ရွက်နိုင်သည့် ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူစွာ ထမ်းဆောင်နိုင်သော အခွန်စနစ်ပေါ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်တွင် နှစ်စဉ်အခွန်အကောက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး မူလရှိရင်းစွဲဥပဒေများနှင့် ပေါင်းစပ်၍ အခွန်ကောက်ခံမှုကို စနစ်တကျဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်ကောက်ခံရရှိမှုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးသုံးသပ်မှုများကို မှတ်တမ်းများထားရှိ၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ဆက်လက်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုရန် ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် အစည်းအဝေး

# မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးလျက်ရှိ

**နေပြည်တော်　နိုဝင်ဘာ　၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသား ဟုတ်၊ မဟုတ် စိစစ်မှုပြုလုပ်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခြင်းနှင့် အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သည့် ဥပဒေကြမ်းများအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ သိရှိလိုသည့် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသား ဟုတ်၊ မဟုတ် စိစစ်မှုပြုလုပ်နေခြင်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က လွှတ်တော်သို့ ရှင်းလင်းရာ၌ နိုင်ငံသားဖြစ်မှုကို ဥပဒေနှင့်တိုင်းတာစိစစ်ရာတွင် ပြဋ္ဌာန်းထားသော ဥပဒေများအပေါ် အယူအဆလွဲမှားနေခြင်းဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သောဥပဒေများကို ကိုင်တွယ်ကျင့်သုံးရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင်လည်း ဥပဒေဖော်ပြချက်များအပေါ် အယူအဆများ၊ ဥပဒေရှုထောင့်များနှင့် ပတ်သက်၍ ဒွိဟဖြစ်စေသော အချက်များရှိပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမေးမြန်းပြီးမှ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

လူတစ်ဦးတစ်ယောက် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းဆိုသည်မှာ အသက်တမျှအရေးကြီးသောကိစ္စဖြစ်၍ အလွယ်တကူမှတ်ချက်ပေးရန် မသင့်ပါကြောင်း၊ အထူးသဖြင့် လူမျိုးရေးကိုသော်လည်းကောင်း၊ ဘာသာရေးကိုသော်လည်းကောင်း၊ လူအများစု၊ လူနည်းစုအနေအထားကိုသော်လည်းကောင်း အခြေခံထားသည့် ထင်မြင်ချက်များ၊ ကန့်ကွက်ချက်များသည် တစ်ဖက်သတ်အမြင်များ



ဒုတိယဝန်ကြီး ဦးဝင်းမြင့်။



ဒေါက်တာနေလင်း။

သာ ဖြစ်ခြင်းကြောင့် အမှန်တရားနှင့် ကွဲလွဲစေရုံသာမက နောက်ဆက်တွဲဆိုးကျိုးများလည်း ဖြစ်စေတတ်သည့် သဘောရှိပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး မိမိဝန်ကြီးဌာန ဝန်ထမ်းများမှ လျှောက်ထားလာသူများကို စိစစ်လက်ခံ၍ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးလျက်ရှိပါကြောင်း၊ သို့သော် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှုကို စိစစ်ရာတွင် မှားယွင်းမှုမရှိစေရန်၊ ခိုင်မာစွာ စိစစ်ရမည့်သူများဖြစ်ကြသည့်အတွက် မိမိဌာနဝန်ထမ်းများမှ စိစစ်ဆုံးဖြတ်ခြင်းမပြုခဲ့ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅တွင် ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ခံယူရန် အကြောင်းကိစ္စ ပေါ်ပေါက်ပါက ဗဟိုအဖွဲ့သို့ လျှောက်ထားနိုင်သည်ဟု ဖော်ပြချက်နှင့်အညီသာ ဆောင်ရွက်ပါကြောင်း၊ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားအဆုံးအဖြတ်ခံယူရန် လျှောက်ထားလာမှုကို မိမိဌာနမှ လျှောက်လွှာစိစစ်လက်ခံပြီး ရုံးမှတ်တမ်းအထောက်အထားများနှင့် တိုက်ဆိုင်စိစစ်၍ အမှုတွဲတည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးပါက မြို့နယ်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့သို့တင်ပြရပါကြောင်း၊ မြို့နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တစ်ဦးချင်းခေါ်ယူစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြရပါကြောင်း။

ပြည်နယ်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထပ်မံစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့ပြီး ဦးစီးဌာန(ရုံးချုပ်)မှ မြန်မာနိုင်ငံသား ဥပဒေနှင့်ညီ၊ မညီ ထပ်မံစိစစ်ပြီး ဗဟိုအဖွဲ့ထံသို့ တင်ပြရပါကြောင်း၊ တင်ပြလာသော အမှုတွဲများကို ဗဟိုအဖွဲ့သည် ဥပဒေနှင့်အညီ ဆုံးဖြတ်ပြီး ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်အတိုင်းသာ ကတ်ပြားထုတ်ပေးခြင်းဖြစ်ပါကြောင်း။

မြို့နယ်နိုင်ငံသား စုံစမ်းစစ်ရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဘင်္ဂါလီကိုယ်စားလှယ်၊ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ လဝကမြို့နယ်ဦးစီးဌာနမှူးတို့ဖြင့် ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ရပါကြောင်း၊ ထို့အတူ ပြည်နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဘင်္ဂါလီကိုယ်စားလှယ်၊ ရခိုင်လူမျိုးကိုယ်စားလှယ်များနှင့် လဝကပြည်နယ်ဦးစီးဌာနမှူးတို့ဖြင့် ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ရပါကြောင်း၊ နောက်ဆုံးအဆင့် ဆုံးဖြတ်ပေးရသည့် ဗဟိုအဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့✳**

# နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်ရှစ်ဦးကို လာမည့် နိုဝင်ဘာ ၂၇ ရက်တွင် အတည်ပြုရွေးချယ်မည်



**ရန်ကုန် နိုဝင်ဘာ ၂၄**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ် (NCA) အား အောက်တိုဘာလ ၁၅ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ စာချုပ်ပါ အချိန်သတ်မှတ်ချက်အရ လက်မှတ်ရေးထိုးထားပြီးနောက်ပိုင်း ရက်ပေါင်း ၆၀ မတိုင်မီ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲများ တရားဝင်စတင်နိုင်ရန် လိုအပ်သည်။ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် ဇန်နဝါရီ ၁၄ ရက်မတိုင်မီအချိန်အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ အကောင်အထည် ပေါ်လာစေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အား ဖွဲ့စည်းခဲ့သည်။

နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အတည်ပြုရွေးချယ်နိုင်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တွင်ပါဝင်သည့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးအနက်မှ နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် ရှစ်ဦးကိုလာမည့် နိုဝင်ဘာ ၂၇ ရက်တွင် နိုင်ငံရေးပါတီအစုအဖွဲ့မှ သီးသန့်အစည်းအဝေးပြုလုပ်ပြီး အတည်ပြုရွေးချယ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက်က မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် ကျင်းပသည့် စုံညီအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲ၌ အစုအဖွဲ့ (၃) ခု၏ ကိုယ်စားလှယ်များဖြစ်ကြသော ဦးလှမောင်ရွှေ(MPC)၊ ဦးခွန်မြင့်ထွန်း (PNLO) နှင့် ဦးစိုင်းကျော်ညွန့် (SNLD) တို့၏ နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရေးနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်များကို ကောက်နုတ်ဖော်ပြပါသည်။

**ဦးစိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် - SNLD)**

ပါတီတွေဘက်ကတော့ မူကြမ်းရေးဆွဲရေးကော်မတီအတွက် အကြမ်းဖျင်း ရှစ်ဦးကို ရွေးချယ်ပြီးပါပြီ။ ဒီရှစ်ဦးဟာ ကော်မတီဝင် ၁၆ ဦးထဲကနေပဲ ရွေးချယ်မှာပါ။ ရွေးချယ်ဖို့အတွက် အချို့ပါတီတွေရဲ့ ဆုံးဖြတ်ချက် ပါမလာသေးလို့ ၂၇ ရက်မနက်ပိုင်းအစည်းအဝေးမှာ နိုင်ငံရေးအစုအဖွဲ့က သီးခြားတွေ့ဆုံဆွေးနွေးပြီး အတည်ပြုမယ်။ ပြီးရင် အကြံပေးအဖွဲ့တွေရဲ့ အခန်းကဏ္ဍတွေ၊ နည်းပညာအထောက်အကူပြုအဖွဲ့တွေကို ဘယ်လိုဖွဲ့စည်းမယ်ဆိုတာကို နိုင်ငံရေးအစုအဖွဲ့က သီးခြားတွေ့ဆုံဆွေးနွေးမယ်။ ပြီးရင် အတည်ပြုနိုင်ပါလိမ့်မယ်။

မူဘောင်ကတော့ အချိန်ကာလလည်း တိုတောင်းတဲ့အချိန်မှာ ဘယ်လောက်ထိလုပ်နိုင်မလဲပေါ့။ ဒါပေမယ့်နောက် တက်လာမယ့်အစိုးရနဲ့ ပြုလွယ်ပြင်လွယ်ဖြစ်အောင် လက်ရှိလုပ်ဆောင်သွားတဲ့ အဖွဲ့အစည်းတွေက ဘယ်လိုလုပ်နိုင်မလဲဆိုတာကို ဝိုင်းဝန်းစဉ်းစားကြမှာပါ။ နောက်ဆိုရင် အစိုးရဘက်မှာလည်း အပြောင်းအလဲရှိသွားမယ်။ နောက် တိုင်းရင်းသားလက်နက်ကိုင်ဘက်မှာလည်း လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာတဲ့အခါမှာ rigid ဖြစ်သွားတယ်ဆိုရင် သူတို့ပါဝင်ခွင့်မရှိအောင် လုပ်ခဲ့မိသလိုမျိုးဖြစ်ပြီး ကျွန်တော်တို့ အခုပါဝင်နေကြတဲ့ လူတွေရဲ့ အပြစ်ဖြစ်သွားပါလိမ့်မယ်။ မူကြမ်းရေးဆွဲမယ့်သူတွေက အတတ်နိုင်ဆုံး နောင်လာမယ့် အခင်းအကျင်းနဲ့လည်း သင့်တော်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ဖြေရှင်းချက်ကိုပါ ထည့်သွင်းစဉ်းစားပြီး အားသွန်ခွန်စိုက်လုပ်သွားမယ်လို့ ပြောချင်ပါတယ်။

**ဦးလှမောင်ရွှေ (အထူးအကြံပေး၊ MPC)**

ဒီနေ့ဆွေးနွေးပွဲမှာ နိုင်ငံရေးမူဘောင်ကို သွားနိုင်ဖို့အတွက် အစုအဖွဲ့တစ်ဖွဲ့စီကို ကိုယ်စားလှယ် ရှစ်ဦးပါဝင်တဲ့ နိုင်ငံရေးမူဘောင်ရေးဆွဲရေးကော်မတီကို စတင်ဖွဲ့စည်းခဲ့တယ်။ လာမယ့် ၂၇ ရက်မှာ နိုင်ငံရေးမူဘောင်ဆွေးနွေးပွဲအတွက် လိုအပ်တဲ့ အစည်းအဝေးတွေကို စတင်ပါမယ်။ ဒီနေ့ဆုံးဖြတ်တာ (၁၀) ခုလောက်ရှိပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) က ပြဋ္ဌာန်းလိုက်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ဆိုတဲ့ အမြင့်ဆုံးအစည်းအဝေးရှိတယ်။ သူကနေ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဆိုတာ ဖွဲ့စည်းပေးလိုက်တာ ဖြစ်တယ်။ အဲ့ဒီကနေ နိုင်ငံရေးပါတီကကိုယ်စားလှယ် ၁၆ ဦးနဲ့ အကြံပေးရှစ်ဦးပါလာပြီ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၇ရက်မှာ နိုင်ငံရေးပါတီက ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်က ရှစ်ဦးနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်က ကိုယ်စားလှယ် ရှစ်ဦးပါတဲ့ မူကြမ်းရေးဆွဲရေးကော်မတီက စပြီးတော့ ရေးဆွဲပါမယ်။ ဒီဆွေးနွေးပြီးတာတွေကို ပြင်ဆင်ပြီးရင် ဒီဇင်ဘာလဆန်းမှာ နေပြည်တော်မှာ JICM အစည်းအဝေးရှိမယ်။ UPDJC အစည်းအဝေးရှိပြီးရင် အဲ့ဒီမှာ ကျွန်တော်တို့ အပြီးသတ်နိုင်လိမ့်မယ်လို့ထင်တယ်။

မူဘောင်ရေးဆွဲတဲ့ အခါမှာ အခက်အခဲလည်းရှိနိုင်တယ်။ နိုင်ငံရေးမူဘောင်ဆွေးနွေးရာမှာ ရှေ့မှာ ဆွေးနွေးခဲ့ပြီးတာတွေကို ဘာတွေကို ဆွေးနွေးကြမယ်၊ ဘယ်သူတွေ တက်ရောက်မလဲ၊ ဘယ်လိုအရေအတွက်နဲ့ တက်ရောက်ကြမလဲ၊ ဒီလိုမျိုးဆွေးနွေးပွဲတွေကို ဘယ်လိုပုံစံမျိုးနဲ့ ကျင်းပမလဲ (ဆိုလိုတာက National Level မှာလုပ်သလို Regional Level မှာလုပ်သလား) ဆိုတာတွေ ပါမယ်။ နောက်ဆုံးကတော့ ဆုံးဖြတ်ချက်ချခြင်းပေ့ါ။ ဆုံးဖြတ်ချက်တွေ ချမယ်ဆိုရင်တော့ ဘယ်လိုပုံစံနဲ့ ဆုံးဖြတ်ကျမလဲပါ။ ဒါတွေကို JICM နဲ့ UPDJC မှာက အစိုးရနဲ့ လက်နက်ကိုင်တွေမှာ ဆွေးနွေးခဲ့ပြီးပါပြီ။ ဒါကို နိုင်ငံရေးပါတီတွေရဲ့ လာမယ့် နိုဝင်ဘာ ၂၇ ရက် ဆွေးနွေးပွဲမှာ ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုကြမှာပါ။

**ဦးခွန်မြင့်ထွန်း (ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်-PNLO)**

မူကြမ်းရေးဆွဲရေးကော်မတီမှာ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ရဲ့ ၁၆ ဦးထဲက တစ်ဖွဲ့ကို တစ်ဦးစီ ရွေးချယ်ထားပါတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေက လက်ရှိအနေအထားမှာ လက်မှတ်မရေးထိုးသေးပေမယ့် လက်ရှိ NCA စာသားအပေါ်မှာ အငြင်းမထွက်ပါဘူး။ NCA စာသားတွေ အားလုံးအပေါ်မှာ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အားလုံးပါဝင်ရေးမူမှာတော့ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေက အနည်းနဲ့ အများ မတူညီခဲ့ကြတွေရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ အားလုံးပါဝင်ရင် အားလုံးပါဝင်ရေးမူလို့ အဓိပ္ပာယ်ဖွင့်ဆိုချင်တဲ့သူတွေ ရှိသလို NCA ကို အားလုံးလက်မှတ်ထိုးမှ အားလုံးပါဝင်ရေးမူလို့ အဓိပ္ပာယ်ဖွင့်ဆိုချင်တဲ့သူတွေလည်းရှိနေပါတယ်။ NCA မှာကျန်တဲ့အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နိုင်ဖို့ အပြည့်အဝမျှော်လင့်ထားတယ်။ လက်ရှိအခြေအနေမှာ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး၊ စစ်ရေးအခြေအနေအပေါ်မှာ မူတည်ပြီး ပါဝင်လက်မှတ်မရေးထိုးနိုင်သေးတာကို နားလည်နိုင်တယ်။ သူတို့ ပါဝင်နိုင်ဖို့လည်း လမ်းဖွင့်ပြီး ဆောင်ရွက်သွားရမှာဖြစ်တယ်။ ပြီးခဲ့တဲ့ JICM အစည်းအဝေးမှာ လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေက လက်ရှိစစ်ပွဲတွေကို လျှော့ချဖို့၊ ရပ်ဆိုင်းဖို့ တပ်မတော်ဘက်ကို ပန်ကြားခဲ့တာတွေရှိတယ်။ ညှိနှိုင်းဆွေးနွေးခဲ့တာတွေရှိတယ်။ လာမယ့်ကာလမှာတော့ အစိုးရကော၊ တပ်မတော်ကော အလေးအနက်ထားပြီး ဆောင်ရွက်သွားမယ်လို့ မျှော်လင့်ပါတယ်။

လက်ရှိတွင် နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲရန်အတွက် အစိုးရ၊ တပ်မတော်၊ လွှတ်တော် အစုအဖွဲ့မှ ကိုယ်စားလှယ်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဦးခင်ရီ၊ MPC မှ အထူးအကြံပေး ဦးတင်မောင်သန်းနှင့် ဦးလှမောင်ရွှေတို့အား ရွေးချယ်ထားသည်။

တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA-PC) မှ ဗိုလ်မှူးကြီးစောကျော်ညွန့်၊ ချင်းအမျိုးသားတပ်ဦး (CNF) မှ အဓိပတိကောင်စီဝင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) မှ အထူးအကြံပေး ဗိုလ်မှူးကြီးစောထူးထူးလေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်း၊ ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီ (ALP) မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်စောမြရာဇာလင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂) ပဒိုမန်းမန်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဗဟိုကော်မတီဝင် ခွန်ထွန်းတင်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၏ အထူးအကြံပေး စိုင်းခွမ်မိန်းတို့ ပါဝင်သည်။

**သတင်း-ရဲခေါင်ညွန့်၊**
**မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဖိုးထောင်**

**❒ နိုင်ငံရေးပါတီမှ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး (KNU) ပဒိုစောကွယ်ထူးဝင်းတို့က နှုတ်ခွန်းဆက်ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရန်အတွက် ပြီးခဲ့သည့် နိုဝင်ဘာ ၂၁ ရက်က နိုင်ငံရေးပါတီ ၉၁ ပါတီ၏ ကိုယ်စားလှယ်အဖြစ် ကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များကို မရွေးနိုင်ခဲ့ပါက နိုင်ငံရေးမူဘောင်ရေးဆွဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ အချိန်မီစတင်နိုင်ရေးအတွက် နှောင့်နှေးနိုင်ပြီး NCA စာချုပ်ကို ချိုးဖောက်သကဲ့သို့ ဖြစ်သွားနိုင်ကြောင်း။

မိမိတို့အနေဖြင့် စုပေါင်းမူဘောင်ရေးဆွဲနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန် လုပ်ဆောင်စရာများရှိနေသေးကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ယနေ့မှ စတင်ရေတွက်ပါက ဇန်နဝါရီ ၁၄ ရက်အထိ ရက်ပေါင်း ၅၀ ခန့်သာကျန်ရှိကြောင်း၊ ထို့ကြောင့် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များ အချိန်မီပြီးစီးစေရန် မိမိတို့အားလုံး ပိုမိုအားစိုက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အခက်အခဲများနှင့် အချိန်ကန့်သတ်ချက်များရှိနေသည့်အတွက် အားနည်းမှုနှင့် မပြည့်စုံမှုများရှိနိုင်၍ နားလည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း။

မိမိတို့အနေဖြင့် မည်သည့်အရာကိုမျှ ပိတ်ပင်ထားခြင်းမရှိသကဲ့သို့ NCA တွင် ပါဝင်သည့် NCA Timeline အား မဖောက်ဖျက်ဘဲအများစု လက်ခံနိုင်ပြီး ရှေ့ဆက်သွားနိုင်သည့် အခြေအနေမျိုးကို ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ နောင်လာမည့်အစိုးရအဆင်ပြေစေရန်အတွက် နိုင်ငံရေးမူဘောင်အား ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း၊ NCA သည် အလွယ်တကူရရှိခဲ့ခြင်းမဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် အားလုံးစုပေါင်း၍ နားလည်မှုများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဘုံပိုင်အဖြစ်သဘောထား လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက မိမိတို့သည် NCA ၏ တာဝန်တစ်ရပ်ဖြစ်သည့် အပစ်အခတ်ရပ်စဲရေးကို ခိုင်မာအောင် ပြုလုပ်ရမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ UPDJC တွင် ပါဝင်ရမည့်အစုအဖွဲ့များတွင် နိုင်ငံရေးပါတီအစုအဖွဲ့များသည် မပါမဖြစ်ပါရမည်ဖြစ်ပါကြောင်း၊ မိမိတို့လက်နက်ကိုင် တိုင်းရင်းသားများအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာရကြမည်ဟု လက်ခံယုံကြည်ထားကြောင်း၊ ယခုအခါတွင် UPDJC ဟုခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းလမ်းညွှန်များလည်း အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ UPDJC ၏ အဓိကတာဝန်သည် နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်လာနိုင်ရန်အတွက်ဖြစ်ကြောင်း။

UPDJC သည် အစုအဖွဲ့ သုံးဖွဲ့ပါဝင်သော်လည်း တစ်သင်းတစ်ဖွဲ့တည်းဖြစ်သည်ဆိုသော စိတ်ဓာတ်မျိုးကို နှလုံးသွင်းရမည်ဖြစ်ကြောင်း၊ UPDJC၏ တာဝန်တစ်ရပ်သည် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်လုံးကို စနစ်တကျဖြင့် ထိန်းကျောင်းသွားနိုင်မည့် နိုင်ငံရေးမူဘောင်တစ်ရပ်ကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့နိုင်ငံနှင့် သင့်တော်သည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သည့်အစည်းအဝေးတွင် ရွေးချယ်ပေးရန် ကျန်ရှိသည့် နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC အတွက် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတစ်ဦးတို့အား ရွေးချယ်ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းလမ်းညွှန်ကိုရှင်းလင်း၊ သုံးသပ်၊ ဖြည့်စွက်ခြင်း၊ UPDJC ၏ အစုအဖွဲ့တစ်ခုစီမှ အကျိုးဆောင်တစ်ဦးစီနှင့် အရန်အကျိုးဆောင်တစ်ဦးစီတို့၏ အမည်စာရင်းများကိုအတည်ပြုခြင်း၊ UPDJC အစည်းအဝေးသို့ အကြံပေးများအဖြစ် အစုအဖွဲ့တစ်ခုစီမှ တက်ရောက်ခွင့်ရရှိသူ အရေအတွက်ကို သတ်မှတ်အတည်ပြုခြင်းနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရေးကော်မတီအတွက် အစုအဖွဲ့တစ်ခုစီမှ ကိုယ်စားလှယ်များ ရွေးချယ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ညနေပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်မှ ဦးခွန်မြင့်ထွန်း၊ နိုင်ငံရေးပါတီများကိုယ်စား ဒီမိုကရက်တစ်ပါတီ-မြန်မာမှ ဦးသုဝေနှင့် အစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က နိဂုံးချုပ် ပြောကြားခဲ့ကြသည်။

အစည်းအဝေးအပြီး ညနေ ၅ နာရီတွင် ယနေ့ပြုလုပ်သည့် UPDJC အစည်းအဝေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာ ပြည်တွင်းပြည်ပမီဒီယာများ၏ မေးမြန်းမှုများကို ဦးခွန်မြင့်ထွန်း(PNLO)၊ ဦးလှမောင်ရွှေ(MPC)၊ ဦးသုဝေ(NDF) နှင့် ဦးစိုင်းကျော်ညွန့် (SNLD) တို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် UPDJC ၏ ဒုတိယအကြိမ်အစည်းအဝေးဖြစ်ပြီး ပထမအကြိမ် UPDJC အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်က နေပြည်တော်၌ နိုင်ငံတော်အစိုးရအစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အား အစိုးရဘက်မှ ၁၆ ဦး၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ၁၆ ဦးနှင့် နိုင်ငံရေးပါတီများမှ ၁၆ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၏အဓိကဦးစားပေးလုပ်ဆောင်ရမည့်ကိစ္စများမှာ နိုင်ငံရေးမူဘောင်ရေးဆွဲရေးကော်မတီအား ဖွဲ့စည်းရန်၊ NCA စာချုပ်ပါ အချိန်သတ်မှတ်ချက်အရ လက်မှတ်ရေးထိုးထားပြီးနောက်ပိုင်း ရက်ပေါင်း ၆၀ မတိုင်မီမူဘောင်ဆွေးနွေးပွဲများ တရားဝင်စတင်နိုင်ရန်အတွက် လိုအပ်သည့် ညှိနှိုင်းမှုများ ပြုလုပ်သွားရန်၊ ရက်ပေါင်း ၉၀ ပြည့်မည့် ဇန်နဝါရီ ၁၄ ရက်မတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရေးဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ပြင်ဆင်ပြောင်းလဲကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၉၅ / ၂၀၁၅ )

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ပြင်ဆင်ပြောင်းလဲကြေညာခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁၂ . ၁၁ . ၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ်( ၅၃ /၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာချက်အရ ဦးစိုင်းဆာလူ [၁၃/ကခန(နိုင်)၀၀၂၄၃၃] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၂. ၁၁. ၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၈၀/၂၀၁၅) ဖြင့် ထပ်ဆင့်ကြေညာပေးခဲ့ပါသည်။

၂။ သို့ရာတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ၂၃. ၁၁. ၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ် (၁၆၄/၂၀၁၅)ဖြင့် ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၅)တွင် ဆန္ဒမဲအများဆုံးဖြင့် ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးညီစိန်၊ တအာင်း(ပလောင်)အမျိုးသားပါတီဖြစ်ကြောင်း ပြင်ဆင်ပြောင်းလဲ၍ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅) တွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ **ဦးညီစိန်[၁၃/နခန(နိုင်) ၀၁၈၇၄၇] တအာင်း(ပလောင်) အမျိုးသားပါတီ**ဖြစ်ကြောင်း ပြင်ဆင်ပြောင်းလဲကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်မှတ်တမ်းများ




အစိုးရအဖွဲ့သစ် တာဝန်ထမ်းဆောင်ခဲ့သည့် သက်တမ်းကာလ၌ ပြည်သူဗဟိုပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကို အစွမ်းကုန်ဆောင်ရွက်ခဲ့ကြောင်း သက်သေပြချက်များပင်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်မှတ်တမ်းများ စာအုပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၁)မှ (၈)အထိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဖော်ပြထားသည်။

ပြုပြင်ပြောင်းလဲရေး “ပထမလှိုင်း”သည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အဓိကထားဖော်ဆောင်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေး “ဒုတိယလှိုင်း”သည် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒဆိုင်ရာ ဦးစားပေးကိစ္စရပ်များကို ပန်းတိုင်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး “တတိယလှိုင်း” သည် အဓိကအားဖြင့် Quick Win နှင့် Foundation ဟူ၍ အပိုင်းနှစ်ပိုင်းဖြစ်သည်။ Quick Win မှာ လူထုဗဟိုပြု ပြောင်းလဲနိုင်ရေးဖြစ်ပြီး Foundation မှာ မပြီးပြတ်နိုင်သော ကိစ္စများကို ရေရှည်ဆက်လက်ဆောင်ရွက်ရန်အတွက် လက်ရှိအစိုးရလက်ထက်တွင် အုတ်မြစ်ချခဲ့ခြင်းဖြစ်သည်။ စာအုပ်ကို စာပေဗိမာန်အရောင်းဆိုင် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဝယ်ယူရရှိနိုင်သည်။

**✳ စာမျက်နှာ ၇ မှ**

မြေပုံမြို့နယ်အပါအဝင် ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှုစိစစ်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းမှ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၆၅နှင့် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေကျွမ်းကျင်သူများ၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများ၊ ဒေသခံရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လျှောက်ထားသူနှင့်ပတ်သက်သည့် ဘင်္ဂါလီလူမျိုးကိုယ်စားလှယ်များဖြင့် ဘက်စုံထောင့်စုံမှ ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် သဘောထားမှတ်ချက်များဖြင့် တင်ပြမှုအပေါ် စစ်ရေးအမြင်၊ နိုင်ငံတကာအမြင်၊ လုံခြုံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသည့် ပြည်ထောင်စုဝန်ကြီးများပါဝင်သော ဗဟိုအဖွဲ့မှ ဆုံးဖြတ်ပေးခြင်းဖြစ်ပြီး ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူပြီးမှသာ နိုင်ငံသား ဟုတ်မဟုတ်ဆောင်ရွက်ရသည့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်းက ကော်မတီ၏ အနှစ်ချုပ်အစီရင်ခံစာကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်းက ကော်မတီ၏ အနှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်ပြကြရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။ **(သတင်းစဉ်)**

**❍ ကျောဖုံးမှ**

သေဆုံးသူသိတဲ့မိသားစုတွေကို ငွေကျပ်ခြောက်သိန်းနဲ့ ဆန်တစ်အိတ်၊ ဆီနှစ်ပိဿာ ထောက်ပံ့ပါတယ်။ သေဆုံးသူမသိသေးတဲ့မိသားစုတွေကို ငွေကျပ်လေးသိန်း၊ ဆန်တစ်အိတ်နဲ့ ဆီနှစ်ပိဿာကို လျာထားပြီးတော့ ပေးအပ်သွားမှာဖြစ်ပါတယ်။

**မေး။ အခု ဒီနေ့အတွက်ကတော့ တစ်ယောက်ပဲ ရှာဖွေတွေ့ရှိတယ်ဆိုတော့ အရင်နေ့နဲ့ ပေါင်းလိုက်ရင် သေဆုံးသူဘယ်နှစ်ဦးဖြစ်သွားပြီလဲ။**

ဖြေ။ ဒီနေ့ဆိုရင် လေးရက်မြောက်နေ့ရှိပါပြီ။ ပထမဦးဆုံးနေ့က ၇၉ ဦး၊ ဒုတိယနေ့မှာတော့ ၂၆ ဦး၊ တတိယနေ့မှာတော့ ရှစ်ဦး၊ ဒီနေ့ လေးရက်မြောက်နေ့မှာတော့ ကျားတစ်ဦး စုစုပေါင်းအနေနဲ့ကတော့ ၁၁၄ ဦး ရရှိထားပါပြီ။

**မေး။ ရှာဖွေတွေ့ရှိတာ ဒီနေ့အထိ ၁၁၄ ဦးရှိပြီဆိုတော့ မြေစာပုံပိသွားတဲ့အိမ်ခြေက ဘယ်လောက်ရှိနိုင်ပါသလဲ။**

ဖြေ။ မြေစာပုံပိသွားတဲ့ အိမ်ခြေက ၃၀ နဲ့ ၅၀ ကြား ပတ်ဝန်းကျင်လောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။

**မေး။ မြေစာပုံတွေက ဘယ်ကနေဖြစ်လာတာပါလဲ။**

ဖြေ။ ဖားကန့်မှာ နိုင်ငံတော်ကို တရားဝင်ခွင့်ပြုချက်လျှောက်ပြီးတော့ ကုမ္ပဏီတွေနဲ့ နိုင်ငံတော်နဲ့ အကျိုးတူ ကျောက်မျက်လုပ်ကွက်တွေ အများကြီးရှိပါတယ်။ ဧကမိုင်ဆယ်ဂဏန်း ပတ်လည်လောက်ရှိပါတယ်။ အဲဒီလိုရှိတဲ့အခါ မြေစာပုံစွန့်မယ့်နေရာတွေကိုလည်း နိုင်ငံတော်ကို ကုမ္ပဏီတွေက တရားဝင်တောင်းခံပါတယ်။ တောင်းခံပြီးတော့ စုပုံပါတယ်။ စုပုံတဲ့အခါမှာ သူတို့ အကျိုးတူကုမ္ပဏီတွေကနေပြီးတော့ ရှာပြီးသွားတဲ့မြေကြီးတွေပါ။ အဲမြေစာတွေကို သတ်မှတ်စွန့်ပစ်နေရာမှာ ကျွန်တော်တို့ စွန့်ပစ်ပါတယ်။ စွန့်ပစ်တဲ့အခါမှာ မြေစာထဲမှာ ကျောက်အချို့ကျန်ပါတယ်။ အဲဒီကျောက်တွေကလည်း တချို့ဆိုရင် သိန်းဂဏန်း၊ သောင်းဂဏန်း နောက်ပြီးသိန်းရာဂဏန်းအထိရတဲ့ အနေအထားတွေ လည်းရှိပါတယ်။ အဲဒါတွေကို ကျောက်နားလည်တဲ့ အနယ်နယ်အရပ်ရပ်က လူတွေက ရေမဆေးကျောက်လို့ ခေါ်ပါတယ်။ အဲဒါတွေကို လာရောက်ပြီးတော့ ရှာဖွေကြတာပါ။ ရှာဖွေရင်းနဲ့ သူတို့က ကျေးရွာမြို့တွေနဲ့လည်း ဝေးတဲ့အခါကျတော့ အဲဒီနားလေးမှာပဲ တဲထိုးပြီးတော့ နေကြတာပါ။ နေတဲ့အချိန်မှာ အခုလိုဖြစ်သွားတာပါ။

**မေး။ ဒီလိုမျိုးအန္တရာယ်တွေ ဖြစ်နိုင်တယ်ဆိုတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက တားဆီးတာတွေရော ရှိပါသလား။**

ဖြေ။ ရှိပါတယ်။ ကျွန်တော်တို့ မကြာမကြာ ရှင်းလင်းတာတွေလုပ်ပါတယ်။ ဒါပေမယ့် ကျောက်တစ်လုံးအတွက် ရရှိတဲ့တန်ဖိုးကလည်း မက်မောစရာဖြစ်နေတော့ တော်တော်လေးကို ခက်ခက်ခဲခဲရှိပါတယ်။ နားလည်သဘောပေါက်ဖို့ကတော့ တော်တော်လေး ပြည့်ဝဖို့လိုအပ်ပါတယ်။

**မေး။ အရင်တုန်းကရော မြေစာပုံပြိုတာတွေ ဖြစ်ဖူးပါသလား။**

ဖြေ။ မနှစ်ကတော့ အခုလောက်နီးပါး အနေအထားတစ်ကြိမ်ကြားသိရပါတယ်။ ကြားထဲမှာလည်း အခုလို တစ်ယောက်စ၊ နှစ်ယောက်စ မြေစာပုံပိတဲ့ဖြစ်စဉ်လေးတွေလည်း ကျွန်တော်တို့ ကြုံတွေ့ရပါတယ်။

**မေး။ အဲဒီလို ကြုံခဲ့ဖူးရဲ့သားနဲ့ ဒီလိုတွေဖြစ်တာဆိုတော့ ဘယ်လိုတွေ တားဆီးထားလဲဆိုတာကို ပြောပြပေးပါဦး။**

ဖြေ။ အမှန်ကတော့ သူတို့က သိတော့သိပြီးသားပါ။ ဒီမှာ အဓိကတော့ လုပ်ငန်းခွင်နေရာကို သူတို့မချဉ်းကပ်ဖို့ ပြောဆိုထားတာတွေရှိတယ်။ ကျွန်တော်တို့ တာဝန်ရှိတဲ့အဖွဲ့အစည်းတွေကလည်း စုပေါင်းပြီးတော့ ရှင်းတဲ့အနေအထားတွေရှိတယ်။ ရှင်းလိုက်ပြီဆိုရင်လည်း ခဏပဲ။ လုပ်ကွက်တွေက မြို့နဲ့ဆိုရင် ၁၀ မိုင်ကျော်အကွာမှာရှိကြတယ်။ သွားရေးလာရေးကလဲ ခက်တယ်။ သူတို့ကတော့ အဲဒီမှာပဲ ဖြစ်သလို အချိန်ပြည့် တဲလေးတွေထိုးပြီးတော့ နေကြတာပါ။ လူနေတယ်ဆိုတော့ မုန့်ဆိုင်လေးတွေလည်းရှိပါတယ်။ အဲဒီမှာသူတို့က မှီတွဲပြီးတော့ မပြန်ကြဘဲ နေကြတာပါ။

**မေး။ အခုလိုမျိုး အသက်ပေါင်းများစွာဆုံးရှုံးသွားတယ်ဆိုတော့ နောက်တစ်ခါ ဒီလိုမဖြစ်အောင် ဆရာတို့အနေနဲ့ ဘယ်လိုတားဆီးမှုတွေ ပြုလုပ်သွားမယ်ဆိုတာကို ပြည်သူတွေသိအောင် ပြောကြားပေးပါဦး။**

ဖြေ။ ဒါကတော့ ကုမ္ပဏီတွေဘက်ကလည်း စနစ်တကျနဲ့ အန္တရာယ်မရှိနိုင်တဲ့ အနေအထားမျိုးတွေမှာ သူမြေစာပုံတဲ့လုပ်ကွက်တွေရယူဖို့ လိုအပ်သလို၊ မြေစာပုံတွေနားမှာလဲ ရေမဆေးကျောက်သမားတွေဟာ အခြေချပြီးတော့ နေထိုင်မှုမရှိဘူးဆိုရင် အဆင်ပြေသွားမှာပါ။ အဲဒီအသိတရားကို နှစ်ဖက်လုံးက ရှိဖို့လိုပါတယ်။

**သတင်းအဖွဲ့**



## လူထုဒေါ်အမာ၏မွေးနေ့အထိမ်းအမှတ် လူထုဦးလှနှင့် ရွှေကိုင်းသားတို့၏ ကျောက်စာတိုင်များအား ပြောင်းရွှေ့စိုက်ထူ

**မန္တလေး နိုဝင်ဘာ ၂၄**

ဆရာမကြီး လူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် မြတောင်ကျောင်းတိုက်တွင်ထားရှိသည့် လူထုဦးလှနှင့် ဆရာတော်ဉူးသောဘိတ (ရွှေကိုင်းသား)တို့၏ အမှတ်တရကျောက်စာတိုင်များအား လူထုစာကြည့်တိုက်သို့ ပြောင်းရွှေ့စိုက်ထူခဲ့ကြောင်း သိရသည်။

ဆရာမကြီးလူထုဒေါ်အမာ၏ခင်ပွန်းဖြစ်သူ လူထုဦးလှအား အများက ချစ်ခင်လေးစားသောအားဖြင့် အမှတ်တရစိုက်ထူထားခဲ့သော ကျောက်စာတိုင်နှင့် ဆရာတော်ဉူးသောဘိတ(ရွှေကိုင်းသား)အား တပည့်ဒါယကာများက ကြည်ညိုလေးစားသောအားဖြင့် အမှတ်တရစိုက်ထူထားခဲ့သော ကျောက်စာတိုင်များကို ဆရာမကြီး၏ နှစ်(၁၀၀)ပြည့်မြောက်သည့် မွေးနေ့အထမ်းအမှတ်အဖြစ် ယခုကဲ့သို့ ပြောင်းရွှေ့စိုက်ထူခြင်းဖြစ်ကြောင်း စာရေးဆရာဆူးငှက်က ပြောသည်။

“ဒေါ်ဒေါ်ရဲ့ မွေးနေ့မှာ အမှတ်တရအနေနဲ့ လူထုရည်ညွှန်းစာကြည့်တိုက်မှာ ပြောင်းရွှေ့စိုက်ထူပေးခြင်းဖြစ်ပါတယ်။ ဒေါ်ဒေါ်ရဲ့အမှတ်တရကျောက်စာတိုင်ကိုတော့ ဒေါ်ဒေါ်ရှိစဉ်အခါက နေထိုင်ခဲ့တဲ့ ပြင်ဦးလွင်မြို့က စိမ်းလန်းအေးဂေဟာမှာ စိုက်ထူထားပြီးဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

လူထုဦးလှသည် ၁၉၈၂ခုနှစ်တွင်ကွယ်လွန်ခဲ့ပြီး စစ်ကိုင်းမြို့ အနုရုဒ္ဓါချောင်တွင် သီတင်းသုံးနေထိုင်ခဲ့သည့် ဆရာတော်ဉူးသောဘိတ(ရွှေကိုင်းသား)သည် ၁၉၈၇ခုနှစ်တွင်ပျံလွန်တော်မူခဲ့ကြသဖြင့် ဂုဏ်ပြုအမှတ်တရအဖြစ် ကျောက်စာတိုင်များ ထုဆစ်စိုက်ထူထားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# မြိတ်မြို့တွင် ကင်းမွန်ငါးဈေးကွက် ပြန်လည်မြင့်တက်လာ

**မြိတ် နိုဝင်ဘာ ၂၄**

မြိတ်ခရိုင် မြိတ်မြို့တွင် လွန်ခဲ့သော အောက်တိုဘာလအစတွင် ကင်းမွန်(ပြည်ကြီးငါး)များ ဈေးနှုန်းထိုးကျသွားရာမှ ယခုအခါဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ယခင်နှစ် ကင်းမွန်ဈေးနှုန်းမှာ ကင်းမွန်အကောင်ကြီးနံပါတ်(၁၊၂၊၃) ၁၂ ပိဿာခန့်ပါသော ဗန်းတစ်ဗန်းလျှင် ငွေကျပ်လေးသောင်းခန့်ရရှိခဲ့ပြီး ယခုနှစ်ကင်းမွန်ဖမ်းယူသည့်ရာသီဖြစ်သည့် အောက်တိုဘာလအစတွင် ကင်းမွန်ဈေးနှုန်းမှာ အဆိုပါဗန်းတစ်ဗန်းလျှင် ငွေကျပ်နှစ်သောင်းခွဲဝန်းကျင်သာရရှိကြောင်းနှင့် ယခုနိုဝင်ဘာလအတွင်းတွင် ဈေးနှုန်းကျပ် ၃၉၀၀၀ ခန့် ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

"ကင်းမွန်ဖမ်းရာသီကတော့ အောက်တိုဘာလကနေ မေလအထိပါ။ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ ဖမ်းယူရရှိမှုများတယ်။ ဈေးနှုန်းကျဆင်းတော့ တချို့လုပ်ငန်းရှင်တွေမှာ အရှုံးပေါ်တာပါ။ စက်ပစ္စည်းတွေ ပြင်ဆင်ရတဲ့လှေတွေဆိုပိုဆိုးတယ်။ ခုတော့ ဈေးနှုန်းပြန်တက်လာတော့ အဆင်ပြေလာပါတယ်" ဟု ကင်းမွန်အရောင်းတာဝန်ခံတစ်ဦးက ပြောသည်။

မြိတ်ဒေသတွင် ကင်းမွန်ဖမ်းသည့် ငါးဖမ်းလှေအစီးရေ တစ်ထောင်ဝန်းကျင်ခန့်ရှိပြီး လှေငယ်တစ်စင်းတွင် ရေလုပ်သားခုနစ်ဦးမှ ကိုးဦးအထိရှိပြီး လှေကြီးတစ်စင်းလျှင် ရေလုပ်သား ၁၄ ဦးခန့်အထိရှိကာ ကင်းမွန်များကို အကောင်အရွယ်အစားအလိုက် အတန်းစားခွဲခြားပြီး နံပါတ်(၁၊ ၂၊ ၃)အရွယ်အစားများမှာ ၁၂ပိဿာ တစ်ဗန်းလျှင် ငွေကျပ် ၃၉၀၀၀ခန့်၊ နံပါတ်(၄)အရွယ်အစားတစ်ဗန်းလျှင် ငွေကျပ် ၂၈၀၀၀ခန့်၊ အကောင်အသေး နံပါတ်(၅) အရွယ်အစား တစ်ဗန်းလျှင် ငွေကျပ် ၁၅၀၀၀ခန့် ရရှိကြောင်းနှင့် အဆိုပါကင်းမွန်များကိုမြိတ်မြို့ရှိ ကုမ္ပဏီများမှတစ်ဆင့် အအေးခံပြီး ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံသားများကလည်း ကင်းမွန်အခြောက်လှန်းသည့်လုပ်ငန်းများကို လာရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ခရိုင်ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမှ ဒလ(ရန်ကုန်)သို့ တိုက်ရိုက်သွားလာနိုင်သော မော်ကျွန်း - ကျွဲခြံရေကျော်မြစ်ကူးတံတားတည်ဆောက်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၄**

မော်လမြိုင်ကျွန်း - ဘိုကလေး - ဖျာပုံ - ဒလ(ရန်ကုန်) အဝေးပြေးကားလမ်းတွင် အရေးပါသော မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံရေကျော်မြစ်ကူးတံတားကို တည်ဆောက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က ကျွဲခြံရေကျော်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့မြင်ရသည်။

ယင်းကျွဲခြံရေကျော် မြစ်ကူးတံတားတည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့နယ်ပြည်သူများအနေဖြင့် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ အဝေးပြေးကားလမ်းမှ ဒလ(ရန်ကုန်)သို့ အချိန်တိုတိုဖြင့် ဆက်သွယ်သွားရောက်နိုင်မည့်အပြင် ဘိုကလေးမြို့နယ် ကဒုံကနီ-ဧရာပင်လယ်ပိုင်းဒေသများနှင့် အနီးအပါး ပင်လယ်ပိုင်းကျေးရွာများသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ပြီး ပင်လယ်ထွက်ကုန်ပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းများပါ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံပြည်သူများသည် ယခုလက်ရှိ မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန် လမ်းတစ်သွယ်ဖြင့် ရန်ကုန်မြို့သို့သွားလာလျက်ရှိပြီး ကျွဲခြံရေကျော်မြစ်ကူးတံတားတည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်ကျွန်း - ဘိုကလေး- ဒလ (ရန်ကုန်) လမ်းတစ်သွယ် စုစုပေါင်းလမ်းနှစ်သွယ်တို့ဖြင့် ရန်ကုန်မြို့သို့ မော်လမြိုင်ကျွန်းမြို့နယ် ခရီးသွားပြည်သူများ အချိန်ကုန်သက်သာစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်သည်။ **မော်ကျွန်းမြင့်အောင်**

# Japan Cup ဂျူဒိုပြိုင်ပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၁၁)ကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံအမတ်ကြီး Mr.Tateshi Higuchi က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို ဂျူဒိုပညာပြန့်ပွားရေး၊ မျိုးဆက်သစ်ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာရေး၊ ဂျူဒိုအားကစားအဆင့်အတန်းမြင့်မားရေး၊ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် ဂျူဒိုလက်ရွေးစင်အားကစားသမားများပေါ်ထွက်လာရေးနှင့် ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အောင်မြင်မှုများရရှိရေးစသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် တောင်ကြီး စသည့်အားကစားနှင့်ကာယသိပ္ပံကျောင်းများမှ အားကစားသမားများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **စောသိန်းဝင်း**



# သုံးခွမြို့တွင် ရေပြတ်လပ်မှုမရှိစေရန် တစ်ပတ်လျှင်လေးရက် ရေပေးဝေမည်

**သုံးခွ နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ရေပိုက်လိုင်းမှ အိမ်သွယ်ရေတိုင်များဖြင့် ရေရယူသုံးစွဲလျက်ရှိသည့် ပြည်သူများ ရေသုံးစွဲမှု အဆင်ပြေစေရန် မိုးရာသီအမီ ရေပြတ်လပ်မှုမရှိစေရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်အလိုက် တစ်ပတ်လျှင်လေးရက် နိုဝင်ဘာ ၂၃ရက်မှစ၍ အလှည့်ကျ ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့ပေါ်တွင် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့ပိုင်ရေကန် ၅၃ ကန်ရှိ၍ ၎င်းအနက် မြို့ရေပေးကန် လေးကန်ပါဝင်သည်။ ၎င်းမှာ အမှတ်(၁) ရပ်ကွက်ရှိ ကွက်သစ်ရေကန်၊ အမှတ် (၂) ရပ်ကွက်ရှိ ၃၁ ဧကရေကန်၊ အမှတ်(၅) ရပ်ကွက်ရှိ မြို့ဦးရေကန်၊ အမှတ်(၉)ရပ်ကွက်ရှိ ကန်သာယာရေကန်တို့ဖြစ်သည်။

သုံးခွမြို့ပေါ်တွင် အိမ်သွယ်ရေတိုင်ပေါင်း ၁၅၉၃ တိုင်ရှိပြီး မြေအောက်ရေချိုမရရှိသဖြင့် ရေကန်များကိုသာ အားကိုးအားထားပြုနေရသည်။ လေလွင့်ပြုန်းတီးမှု မဖြစ်စေရေးအတွက် မိမိနေအိမ်ရှေ့နှင့်လမ်းများပေါ်တွင် ရေဖျန်းခြင်း၊ သစ်ပင်ပန်းပင်များ ရေလောင်းခြင်း၊ ကားရေဆေးခြင်းများမပြုလုပ်ရန် အသိပေးနှိုးဆော်ထားပြီး ရေမရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၅၆-၄၀၀၂၉ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# ပြည်ပအာလူးများ လမ်းခရီးကြန့်ကြာမှုကြောင့် လမ်းဘေးတွင် စုပုံရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဘုရင့်နောင်ပွဲရုံဝင်း ၄ဝါလမ်းသွယ်ရှိ ပွဲရုံတစ်ရုံရှေ့လမ်းဘေးတွင် ပြည်ပအာလူးအိတ်များ ရာချီ၍စုပုံထားကာ တစ်အိတ်လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချနေသည်ကို နိုဝင်ဘာ ၂၁ ရက်က မြင်တွေ့ရသည်။

ပြည်တွင်းထွက် ရှမ်းပြည်နယ်အောင်ပန်းအာလူးများမှာ ပိဿာ ၃၀ ဝင်အိတ်ခွံအနီရောင်ဖြစ်သော်လည်း ရောင်းချသူအခေါ် ပါကစ္စတန်အာလူးများမှာ ၁၅ ပိဿာထည့် ထုပ်ပိုးထားသည်။ ပင်လယ်ရေကြောင်းခရီးတွင် လေအေးစက်ပါ ကုန်သေတ္တာဖြင့် ကြက်သွန်နီ၊ အာလူးပူးတွဲထည့်သွင်းသယ်ဆောင်ကြသည်။ ရန်ကုန်ဆိပ်ကမ်းသို့ တိုက်ရိုက်မဝင်ဘဲ တစ်ဖက်နိုင်ငံ ထိုင်းဆိပ်ကမ်းသို့ ဆိုက်ကပ်ခြင်းဖြစ်သည်။

မဲဆောက်မှ မြဝတီ၊ ရန်ကုန်ခရီးတွင် ရိုးရိုး ၁၂ ဘီးကားဖြင့် တာလပတ်မိုး၍ သယ်ဆောင်လာရာ နေပူဒဏ်၊ တာလပတ်အမိုးဒဏ်ကြောင့် ရန်ကုန်တွင် ရက်ရှည်ထားစဉ် အရည်ထွက်၊ ယင်ကောင်များ အချိုဓာတ်ရှိ၍အုံနေကြရာ ပွဲရုံပြင်ပသို့ ထမ်းထုတ်စုပုံ၍ အိတ်ပြတ်ရောင်းချခြင်းဖြစ်သည်ဟု ပွဲရုံတာဝန်ခံဦးကျော်က ဆိုသည်။

နိုဝင်ဘာ ၂၁ ရက်တွင် ရှမ်းအာလူးတစ်ပိဿာ ၆၆၀-၇၇၀-၈၀၀-၈၃၀ ကျပ်နှုန်းရှိသည်။ နိုဝင်ဘာ ၁၆ ရက်တွင်ရောက်ရှိသော အဆိုပါအာလူးများသည် ရှမ်းအာလူးထက် ဈေးလျော့သော်လည်း အာလူးကြော်လုပ်ငန်းရှင်များ အဝယ်နည်းသည်။ ရှမ်းအာလူးဈေးနှုန်းထက် ထက်ဝက်ဈေးလျော့သော်လည်း ရောင်းမထွက်ခဲ့သဖြင့် လမ်းဘေးသို့ အပြင်ထုတ် စုပုံရောင်းချရသည်။ အာလူးအိတ်အပုံအောက်တွင် အရည်များထွက်၍ အာလူးအိတ်ပေါ် ယင်ကောင်များအုံနေသည်ကိုလည်း တွေ့ရသည်။

ယင်းအာလူးအိတ်များ ဝယ်ယူပြီး မော်တော်ဆိုင်ကယ်ဖြင့် သယ်ဆောင်သွားသော အမျိုးသမီးတစ်ဦးအပြင် စိတ်ဝင်စားစွာ လာရောက်ဝယ်ယူရန် လှေ့လာနေသူများကိုလည်း တွေ့ရသည်။ အိတ်ရာချီပျက်စီးဆုံးရှုံးမှုရှိသော်လည်း ပူးတွဲတင်သွင်းလာသော ကြက်သွန်နီ၏အမြတ်မှာ များပြားသဖြင့် ကုန်ပစ္စည်းနှစ်မျိုးစလုံးဖြင့်တွက်လျှင် အကျိုးအမြတ်ပင်ရှိသေးသည်ဟု ၎င်းက ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် နိုင်ငံစုံမီးဖိုချောင်သုံးသီးနှံမျိုးစုံဝင်ရောက်မှုအပေါ် စားသုံးသူတချို့က ကျန်းမာရေးရှုထောင့်မှနေ၍ ဝေဖန်ပြောဆိုရာတွင် ယခုလပိုင်းဝင်ရောက်သော တရုတ်ကြက်သွန်နီအပေါ် ကျန်းမာရေးအရ စားသုံးမှုမပြုရဲကြောင်း လမ်းမတော်မြို့နယ် လှည်းတန်းလမ်း (၄) ရပ်ကွက်နေ အငြိမ်းစားသမဝါယမဦးစီးဌာနဝန်ထမ်းဦးအောင်မြင့်၊ မရမ်းကုန်းမြို့နယ် (၅ )ရပ်ကွက်နေ စက်မှု-၁ ဝန်ထမ်းအငြိမ်းစားဒေါ်ညွန့်တို့က သုံးသပ်ပြောဆိုသည်။

ယခုလမ်းဘေးတွင် စုပုံအိတ်ပြတ်ရောင်းချသော ပါကစ္စတန်အာလူးအိတ်များ ဝယ်ယူသူများအနေဖြင့် လက်လီဈေးကွက်နှင့် စမူဆာကဲ့သို့ စားသောက်ဖွယ်ရာများ ပြုလုပ်ရာတွင် ရောင်းချနိုင်ရာ အဆိုပါ ယင်အုံ၊ အရည်ထွက် အာလူးအိတ်များ မြင်တွေ့ရမှုအပေါ် စိုးရိမ်စိတ်ဖြင့် ဝေဖန်ပြောကြားမှုများရှိလာသည်။

၂၀၀၀ ပြည့်နှစ် သင်္ကြန်မတိုင်မီကာလ ဆင်ဖြူကျွန်းအာလူးအပုပ်များ ဈေးကျရောင်းမထွက်ခဲ့၍ ပွဲရုံရှေ့များတွင် စုပုံနေလှန်းခြင်း၊ သင်္ဘောဖြင့်သယ်လာသော အာလူးပုပ်အိတ်များ ပွဲရုံသို့မသယ်ဘဲ ဆိပ်ကမ်းမြစ်ဆိပ်တွင် ပစ်ချခြင်းများရှိခဲ့သည်ဟု အာလူးဝယ်ယူသူများက ဆိုသည်။ ပြည်ပမှ တင်သွင်းလာသောသီးနှံများ ကျန်းမာရေးရှုထောင့်မှလည်း စစ်ဆေးပေးသင့်သည်ဟု စားသုံးသူတစ်ဦးကဆိုသည်။

**(မောင်စေအောင်)**

ဝဝဝ

# ပြည်တွင်းဖြစ် စက်ရက်ကန်းစင်များစွာဖြင့် စက်မှုထွန်းကားသောကျေးရွာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် များစွာတိုးတက်လာ



**အမရပူရ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်သည် ခေတ်အဆက်ဆက် စက်မှုထွန်းကားသည့်ရက်ကန်းလုပ်ငန်းထွန်းကားသောနယ်အဖြစ် ထင်ရှားသည်။ ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် ကျေးရွာချင်းဆက်မြို့ကိုတက်ကာ ရောင်းဝယ်မှုတို့ကို တိုက်ရိုက်လုပ်ဆောင်လာကြသည်။ လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းသို့ ပြောင်းလဲလာခဲ့သည်။

ယခင်လမ်းပန်းဆက်သွယ်ရေးမကောင်းခင် လျှပ်စစ်မီးမရခင်ကပင် စက်မှုထွန်းကားသောကျေးရွာများအဖြစ် ထင်ရှားသည့် ရက်ကန်းလုပ်ငန်းနှင့်နာမည်ကြီးသည့် ရွာများစွာရှိသည်။ ထိုရွာများမှာရေကြည်ပေါက်၊ မြစ်တူး၊ စားတော်၊ ဆင်ရွာမြင်းမူး၊ ကတ္တီဘာ၊ ရက်ကန်းတော်၊ ဘနော၊ သပြေအုပ်နှင့် လိပ်ဆံခွန်ရွာများပင်ဖြစ်သည်။

လက်ရှိကာလတွင် လိပ်ဆံခွန်ရွာမှာ လျှပ်စစ်မီးရရှိကာ တစ်ရွာလုံးနီးပါး ပြည်တွင်းဖြစ်စက်ရက်ကန်းစင်များဖြင့် ရက်ကန်းလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ အထည်များကို ကုန်ကြမ်းပေး ကုန်ချောသွင်းစနစ်ဖြင့် ရောင်းဝယ်ကြပြီး မန္တလေးမြို့အထိ တိုက်ရိုက်တင်သွင်းရောင်းချသည်များလည်းပြုလုပ်ကြသည်။ လိပ်ဆံခွန်ကျေးရွာတွင် အိမ်ခြေ ၆၇၈ အိမ်ရှိသည်။ တစ်ရွာတည်းတွင်ပင် စက်ရက်ကန်းစင် ၁၀၀၀ နှင့် လက်ရက်ကန်းစင် ၅၀ ခန့်ရှိသည်။စက်ရက်ကန်းများမှာ သဲတောဝမ်းတွင်းထွက် ပြည်တွင်းဖြစ်စက်ရက်ကန်းစင်များကို အသုံးပြုကြသည်။

ပြည်တွင်းဖြစ် သဲတောဝမ်းတွင်းထွက် စက်ရက်ကန်းစင် တစ်စင်လျှင် ငွေကျပ် ၁၇ သိန်းကျော် ပေးရသည်။ အိမ်တစ်အိမ်လျှင်အနည်းဆုံးစက်ရက်ကန်းစင်သုံးစင်မှ ၁၀ စင်အထိ တည်ထောင်ကာ ရက်ကန်းလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်ကြသည်။ စက်ရက်ကန်းလုပ်ငန်းထွန်းကားသည့်အတွက် ကျေးရွာအတွင်းတွင်ပင် အလုပ်အကိုင်အခွင့်အလမ်းများရရှိကြသည်။ ကိုယ်ပိုင်စက်ရက်ကန်းဖြင့် ကိုယ်တိုင်ခတ်သလို အငှားခတ်သူများစွာလည်းရှိသည်။ အငှားခတ်သူများမှာ လူတစ်ဦးလျှင် စက်ရက်ကန်းစင် နှစ်စင်မှသုံးစင်အထိခတ်လေ့ရှိပြီး ပုဆိုးတစ်ကွင်းလျှင် လက်ခအဖြစ် ငွေကျပ် ၃၅၀ ရရှိသည်။ တစ်နေ့လျှင် ပုဆိုး ၁၈ ကွင်းမှ ၂၀ ကျော်အထိပြီးစီးကာ လူတစ်ဦးလျှင်နေ့စဉ် ဝင်ငွေကျပ် ၇၀၀၀ ကျော်မှ ကျပ် ၁၀၀၀၀ ကျော်အထိရရှိသည်။

ကိုယ်ပိုင်စက်ရက်ကန်းထောင်ကာ ပြုလုပ်သူများမှာ အကျိုးအမြတ်ပိုမိုရရှိကြသည်။ စက်ရက်ကန်းများမှာ လက်ရှိကာလတွင် ပလေကပ်နှင့် မိန်းမဝတ်လုံချည်များကို ရက်လုပ်ကြောင်းသိရသည်။ စက်ရက်ကန်းတစ်စင်လျှင် ချည်ရှစ်ထုတ်တန်းကို ခတ်လေ့ရှိပြီး တစ်စင်ပြီးပါက ပုဆိုး ၂၆၅ ကွင်းမှ ၂၇၀ အထိရရှိကြောင်း သိရသည်။ လက်ရှိကာလ ပုဆိုးတစ်ထည်သွင်းဈေးမှာ သုံးထောင့်ကိုးရာမှ လေးထောင်အထိသွင်းရကြောင်းသိရသည်။ လက်ရှိကာလတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာမှာ လျှပ်စစ်မီးမှန်ကာ တစ်ရွာလုံးနီးပါး စက်ရက်ကန်းလုပ်ငန်းများလုပ်ကိုင်ပြီး စက်မှုထွန်းကားကာ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်းနှင့် တစ်ရွာလုံးနီးပါး ပြည်တွင်းဖြစ် သဲတောဝမ်းတွင်းထွက် စက်ရက်ကန်းစင်များကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

ဝဝဝ

# သက်ကြီးပြုစုစောင့်ရှောက်ရေးအဖွဲ့က သက်ကြီးဘိုးဘွားများအား ဘုရားဖူးနိုင်ရန်စီစဉ်ပေး



**ထားဝယ် နိုဝင်ဘာ ၂၄**

မြင့်မြတ်သော နှလုံးသားပိုင်ရှင်လူသားအားလုံး ပရဟိတလုပ်ငန်းများ ပူးပေါင်းပြီး လုပ်ဆောင်တတ်စေရန်၊ ဘိုးဘွားများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်လျက် လူမှုကိစ္စအဝဝကို ကူညီဖြေရှင်းပေးနိုင်ရန် ဟူသော အသင်း၏ရည်ရွယ်ချက်ဖြင့် သက်ကြီးပြုစုစောင့်ရှောက်ရေးစေတနာရှင်လူငယ်များအဖွဲ့သည် ယနေ့ နံနက် ၇ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့ အင်းဇောက်ကျေးရွာနှင့် ပန်းဒလဲကျေးရွာမှအသက် (၈၀)နှင့်အထက် သက်ကြီးဘိုးဘွား ၅၁ဦးအား ထားဝယ်မြို့ရှိဘုရားများကို ဖူးမြော်နိုင်စေရန် ဘုရားဖူးယာဉ်များဖြင့် ထားဝယ်မြို့ ဘုမ္မော်ရပ် (၂၈)တောင်ရပ်တော်မူဘုရားနှင့် တန်ဆောင်ဘုရားပွဲတော်ကျင်းပရာ ထားဝယ်မြို့ ကျက်သရေဆောင်ဘုရားကြီးသို့ လိုက်လံပို့ဆောင်ကူသိုလ်ယူ ပို့ဆောင်ပေးခဲ့ကြသည်။

သက်ကြီးပြုစုစောင့်ရှောက်ရေးစေတနာရှင်လူငယ်များ အဖွဲ့သည် သက်ကြီးဘိုးဘွားများအား အာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်း၊ ဆရာဝန်ပါရဂူများပင့်ဖိတ်လျက် လစဉ်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ ကွန်ရက်ချိတ်ဆက်လာခဲ့ရာ နှစ်လခန့်ရှိပြီဖြစ်ပြီး နောက်တွင်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရကာ အင်းဇောက်ကျေးရွာ၌ သက်ကြီးဘိုးဘွားများ တရားတော်နာယူနိုင်ရန် တရားပွဲများစီစဉ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အမေရိကန်အစားအစာဆိုင် ပထမဆုံးဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် ပြည်ပအစားအစာ Pizza Hut ပထမဆုံးဆိုင်ဖွင့်ပွဲကို ဓမ္မစေတီလမ်းနှင့် ရွှေတောင်ကြားလမ်းထောင့်ရှိ Market Palace အနီးတွင် နိုဝင်ဘာ ၂၄ရက်က နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။


"ကျွန်တော်တို့ဆီမှာ ကမ္ဘာအနှံ့က ကြိုက်နှစ်သက်ပြီး အကောင်းဆုံးပီဇာတွေဖြစ်တဲ့ Pan Pizza နဲ့ Stuffed Crust Pizza အဖြစ် Supreme pizza တွေကို သုံးဆောင်နိုင်မှာဖြစ်သလို များပြားပြီး အရသာရှိတဲ့ starters, pasta အပြင် ထမင်းဟင်းလျာ၊ ဆိုင်ရဲ့ အထူးအမယ်ဖြစ်တဲ့ US က နူးညံ့တဲ့ ဝက်နံရိုးကင်တို့ကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်း စားသုံးသူတွေအတွက် အရသာကို ပြန်စီမံထားတဲ့အပြင် ဈေးနှုန်းကိုလည်း အများပြည်သူစားသုံးနိုင်တဲ့နှုန်းကိုသာ သတ်မှတ်ထားပါတယ်"ဟု Jardine CM Restaurant Group ကုမ္ပဏီမှ အထွေအထွေမန်နေဂျာ Mr.Simon Arnold က ပြောသည်။

Pizza Hut ကို ၁၉၅၈ ခုနှစ် Wichita မြို့ Kansas ပြည်နယ် အမေရိကန်ပြည်ထောင်စုတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်၌ နိုင်ငံပေါင်း ၉၀ တွင် ဆိုင်ခွဲပေါင်း ၁၆၀၀၀ ခန့်ကို ဖွင့်လှစ်ပြီးဖြစ်သည်။ ယင်းတို့ထဲတွင် အာရှနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် မကာအိုတို့တွင် ဆိုင်ခွဲပေါင်း ၆၈၀ ကျော်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ပထမဦးဆုံးအကြိမ်အဖြစ် City Mart Holding ကုမ္ပဏီနှင့် Jardine Restaurant Group Myanmar Pte., Ltd. တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်ဖွင့်လှစ်ခြင်းဖြစ်ကာ လာမယ့် ငါးနှစ်အတွင်းတွင် မြန်မာနိုင်ငံအနှံ့အပြားတွင် ဆိုင်ခွဲပေါင်း ၁၅ ဆိုင်မှ ဆိုင် ၂၀ ထိ ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီခရီးရှည်ကြီးမှာ ပြည်တွင်းအကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့လည်း စီစဉ်ထားပါတယ်။ ကျွန်တော်တို့ဆီမှာ ၉၇ ရာခိုင်နှုန်းသောဝန်ထမ်းတွေက ပြည်တွင်းကဖြစ်လို့ အလုပ်အကိုင် ၁၀၀ ကျော်ကို ဖန်တီးပေးပြီးဖြစ်ပါတယ်။ ဒါ့အပြင် အစားအသောက်ပြုလုပ်ရာမှာ ပါဝင်တဲ့ ကုန်းကြမ်းပစ္စည်းအများစုကိုလည်း ပြည်တွင်းကပဲ ဝယ်ယူမှာပါ" ဟု Jardine CM Restaurant Group မှ Mr.Henry Yip က ပြောသည်။

Pizza Hut ကို ဓမ္မစေတီလမ်းနှင့် ရွှေတောင်ကြားလမ်းထောင့်ရှိ Market Palace City Mart အနီးတွင် ဖွင့်လှစ်ထားပြီး ဆိုင်ဖွင့်ချိန်မှာ နံနက် ၁၀ နာရီမှ ည ၁၀ နာရီထိဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခင်ဇာလီ**





# ပေါက်ကွဲမှုကြောင့် ပျက်စီးသည့်အဆောက်အအုံများနှင့် ပြန့်ကျဲသည့်အမှိုက်သရိုက်များ ရှင်းလင်းခြင်းဆောင်ရွက်

**ဟားခါး နိုဝင်ဘာ ၂၄**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် သီတာလမ်း၌ နိုဝင်ဘာ ၂၂ ရက်ညက ဖြစ်ပွားသော ပေါက်ကွဲမှုကြောင့် ပျက်စီးသည့် အဆောက်အအုံများနှင့် ပြန့်ကျဲသည့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်းကို ယနေ့ နံနက် ၈ နာရီက ဟားခါးမြို့ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖယ်ရှားရှင်းလင်းပေးလျက်ရှိသည်။

ယင်းပေါက်ကွဲမှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးသည့် အိမ်ထောင်စုရှစ်စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့က လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းသုံးမျိုးကို ဟားခါးမြို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လည်းကောင်း၊ ဟားခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ရှစ်မျိုးကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရုပ်မြင်သံကြားအစီအစဉ်များ
[၂၅ - ၁၁ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "ချစ်လည်းမချစ်ဘူး မုန်းလည်းမမုန်းဘူး" တရားတော် [ဆရာတော်ဘဒ္ဒန္တ တေဇောသာ (ချင်းတောင်ဆရာတော်)] |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၄၅) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၁း၀၀ | ဟင်းချက်ရအောင် |
| ၁၁း၃၀ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၁) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၂) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၄၆) |
| ၂း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂) |
| ၂း၅၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၁ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၃၀ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မှတ်တမ်း |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၀၈ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၉၃) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၁) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင့်ချစ်သူလေဒီ ဒီဇိုင်နာ အပိုင်း(၄) |

### mitv

| | |
|---|---|
| 07:03 | Am News |
| 07:27 | Chef Life "Thanakrit Chamnongbutr" |
| 07:41 | Bago: A City Of Famous Historic Pagoda |
| 08:26 | One Heritage……One Festival |
| 08:46 | Amazing: Magician Sak Kaw Ma |
| 09:27 | Myanmar Leading Lady "Naw Susanna Hla Hla Soe" |
| 09:37 | A Tea Business: Pankwan (Part-1) |
| 09:48 | The Iron Rider |
| 10:26 | Orchidologist Dr. Saw Lwin |
| 10:49 | Paper Lantern Festival 2015 |
| 08:26 | Myanmar Delicate Artistic Handy Creations- Lacquareware Making |
| 08:52 | Paper Lantern Festival 2015 |

# ဇေးဂ်မားလစ်နဲ့ ဂျီဂျီဟာဒစ်တို့ တွဲနေပြီလား



One Direction အဖွဲ့ဝင်ဟောင်း ဇေးဂ်မားလစ်နဲ့ Victoria's Secret မော်ဒယ်လ် ဂျီဂျီဟာဒစ်တို့နှစ်ဦး ကားထဲမှာ တိတ်တဆိတ် တွေ့ဆုံစကားပြောနေတဲ့ ပုံရိပ်တွေကို အမ်တီဗွီ အွန်လိုင်းဖျော်ဖြေရေးက ဖွင့်ချခဲ့ရာ သူတို့နှစ်ဦးမကြာခင် ချစ်သူများအဖြစ် ပေါ်ပေါ်ထင်ထင် တွဲသွားတွဲလာလုပ်နိုင်သည်ဟု ယင်းဖျော်ဖြေရေး အွန်လိုင်းကပင် ရေးသားခဲ့သည်။ ယင်းသတင်းများထွက်လာခဲ့သော်လည်း နှစ်ဖက်စလုံးက ငြင်းဆန်ခြင်းမပြုသလို မှတ်ချက် တစ်စုံတစ်ရာမှ မပေးခဲ့သဖြင့် သူတို့နှစ်ဦးချစ်သူများဖြစ်နေပြီ ဆိုသည်မှာ မှန်ကန်လောက်ဖွယ် ရှိသည်ဟု ပေလ်တန်ဖျော်ဖြေရေးကလည်း ဖော်ပြခဲ့သည်။

အမည်မဖော်လိုသူတစ်ဦးကမူ" သူတို့နှစ်ဦး အခုထိချစ်သူတွေအဆင့်မရောက်သေးပါဘူး။ ဒါပေမယ့် တစ်ယောက်ကို တစ်ယောက်တော့ မိတ်ဆွေအဆင့်ထက် ပိုချင်နေပါပြီ" လို့ ယူအက်စ်ဝီးကလီးသို့ ပြောခဲ့သည်။ သို့သော် ဇေးဂ်မားလစ်၏ ယခင်ဂီတအဖွဲ့ဝင်ဟောင်း ဟယ်ရီစတိုင်နှင့် ဟာဒစ်၏ သူငယ်ချင်း တေလာဆွစ်တို့ကလည်း ချစ်သူများအဖြစ်လက်တွဲခဲ့ဖူးရာ သူတို့နှစ်ဦးကြားတွင် ယခင်ကတည်းကပင် နီးကပ်သော ဆက်ဆံရေးရှိပြီးဖြစ်သောကြောင့် ယခုကဲ့သို့တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ သို့သော် ယခုအချိန်တွင် သာမန်မိတ်ဆွေဆက်ဆံရေးထက်ပိုသော နီးကပ်မှုမျိုးရှိနေသည်မှာတော့ သေချာကြောင်း အဆိုပါ အမည်မဖော်လိုသူက ဆက်လက်ပြောသည်။

ဟာဒစ်သည် ဂျိုးနက်စ်နှင့် ခြောက်လလောက် တွဲနေခဲ့သော်လည်း ပြီးခဲ့သည့်နိုဝင်ဘာလဆန်းကပင် လမ်းခွဲခဲ့ပြီး ယခင်ကအဆိုတော်ကိုဒီဆင်ပ်ပဆန်နှင့် ကွဲလိုက်ဆက်လိုက်ဖြင့် နှစ်နှစ်လောက်တွဲခဲ့သေးသည်။ ဇေးဂ်မားလစ်မှာလည်း လေးနှစ်လောက်တွဲခဲ့သည့် Little Mix အဖွဲ့ဝင် ပဲရီအက်ဒဝေါ့ဇ်နှင့် ပြီးခဲ့သည့် ဩဂုတ်လကပင် လမ်းခွဲခဲ့ရာ ရည်းစားလက်မဲ့ဖြစ်နေသော သူတို့နှစ်ဦးလက်တွဲနိုင်သည့် အရိပ်လက္ခဏာများကို ပရိသတ်များ မြင်တွေ့နေရခြင်း ဖြစ်သည်။

မေလွှသင်း - စုစည်းသည်

# ဘီတယ်လ်အဖွဲ့ရဲ့ စံချိန်ကို ရိုက်ချိုးနိုင်ခဲ့တဲ့ ဂျက်စတင်ဘီဘာ



ဘီဘာရဲ့ အယ်လ်ဘမ်သစ် Purpose က One Direction ရဲ့ အယ်လ်ဘမ်ကို ကျော်ဖြတ်ပြီး အရောင်းရဆုံးနံပါတ်(၁)နေရာမှာရှိနေသလို သူ့ရဲ့သီချင်း ၁၇ ပုဒ်က Billboard ရဲ့ ထိပ်ဆုံးနေရာ ၁၀၀ အတွင်း ဝင်ရောက်ခဲ့တာကြောင့် ၁၉၆၄ မှာ ဘီတယ်လ်အဖွဲ့ရဲ့ သီချင်း ၁၄ ပုဒ်အထိ Billboard မှာ ဝင်ရောက်နိုင်ခဲ့တဲ့ စံချိန်ကိုပါ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဘီတယ်လ်အဖွဲ့ရဲ့ စံချိန်ကိုနှစ်ပေါင်း ၅၀ ကျော်အထိ ဘယ်သူတစ်ဦးတစ်ယောက်မှ မချိုးဖျက်နိုင်ခဲ့ပေမယ့် အခုအချိန်မှာတော့ ဘီဘာကကျော်ဖြတ်သွားခဲ့ပြီဖြစ်ပါတယ်။

ဘီဘာကတော့ သူ့အနေနဲ့ အခုရရှိတဲ့အောင်မြင်မှုအတွက် အလွန်တရာ စိတ်လှုပ်ရှားနေမိပြီး မယုံကြည်နိုင်လောက်အောင်ခံစားနေရတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ဘီဘာက ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၀ ရက်က ဆယ်လီနာဂိုမက်ဇ်နဲ့အတူရှိနေခဲ့တဲ့ ပုံရိပ်တွေကို ပါပါရာဇီတွေက တစ်ဆင့် တစ်ကမ္ဘာလုံးပျံ့နှံ့ခဲ့တဲ့အပေါ်မှာ သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးက သာမန်မိတ်ဆွေအဆင့်မှာပဲရှိသေးတယ်လို့လည်း မှတ်ချက်ပေးခဲ့ပါတယ်။




# ၁၉၉၀ ကျော်ကာလများက ဆံပင်ပုံစံနဲ့ ဘရက်ပစ်

ဟောလိဝုဒ်မီဂါကြယ်ပွင့် ဘရက်ပစ်အား The Big Short ဇာတ်ကားမှ တွဲဖက်သရုပ်ဆောင် ရှိုင်ယန်ဂို့စလင်းနဲ့အတူနယူးယောက်မြို့မှာ အတူတကွတွေ့ခဲ့ရစဉ် မင်းသားက ၁၉၉၅ ခုနှစ်တွင် သူထားခဲ့သည့် ဆံပင်ပုံစံမျိုးညှပ်ထားသည်ကို ပရိသတ်များမြင်တွေ့ခဲ့ကြရသည်။ ဘရက်ပစ်သည် ၁၉၉၅ တွင် People မှရွေးချယ်သော သက်ရှိလူသားများထဲတွင် ဆွဲဆောင်မှုအရှိဆုံးအမျိုးသားအဖြစ် ရွေးချယ်ခံခဲ့ရပြီး အောင်မြင်မှုအမြင့်ဆုံးနေရာကိုပါ ဆုပ်ကိုင်နိုင်ခဲ့သည်။

သို့သော် ဘရက်ပစ်၏ပရိသတ်များကမူ ယခုပုံတွင် ခရမ်းရောင်မျက်မှန်အဖျော့ကို တပ်ဆင်ထားရာ မင်းသားဒီဗွန်ဆာဝါ၏ ပုံစံမျိုးဖမ်းထားသည်နှင့်တူ၍ ကြိုက်နှစ်သက်မှုမရှိကြောင်း လူမှုမီဒီယာများမှတစ်ဆင့် ချက်ချင်းပင် မှတ်ချက်ပြုရေးသားခဲ့သည်။

ယခုရိုက်ကူးသော The Big Short ဇာတ်ကားမှာ ၂၀၀၀ ပြည့်နှစ်အလွန်တွင် အမေရိကန်ပြည်ထောင်စု၌ ကြုံတွေ့ခဲ့ရသော အိမ်ရာဈေးကွက်ကျဆင်းမှု အကျပ်အတည်း ပြဿနာအကြောင်းကို ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။ မင်းသားဘရက်ပစ်သည် ဟောလိဝုဒ်တွင် ငွေရေးကြေးရေးအရ အောင်မြင်သောသရုပ်ဆောင်တစ်ဦး ဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမျှ အော်စကာဆုမရရှိသေးပေ။

အားကစား






# ပီရက်ဇ်ပြုံသမျှ နုရတော့မယ့် ဘင်နီတက်ဇ်

ရီးယဲလ်ဥက္ကဋ္ဌကြီးပီရက်ဇ်က နိုဝင်ဘာ ၂၃ ရက်မှာ မီဒီယာတွေကိုဖိတ်ကြားပြီး လက်ရှိနည်းပြ ဘင်နီတက်ဇ်အတွက် အချိန်တစ်ခုသာ လိုအပ်နေတာကြောင့် သူ့အပေါ် ရီးယဲလ်တာဝန်ရှိသူတွေက အပြည့်အဝထောက်ခံတဲ့အကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ကာ ထောက်ခံကြောင်း ပြသခဲ့ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲက ရီးယဲလ်ဟာ ဘာစီလိုနာကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့အပြီး ဘင်နီတက်ဇ် နေရာမှာ ရီးယဲလ်(ခ)အသင်းနည်းပြ ဇီနက်ဒင်ဇီဒန်းနဲ့ အစားထိုးမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတာကြောင့် ပြုလုပ်ရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးပီရက်ဇ်က" ကျွန်တော်တို့ ဘင်နီတက်ဇ်အပေါ် အပြည့်အဝထောက်ခံသလို ယုံကြည်ကြောင်းလည်း သိစေချင်ပါတယ်။ သူ့လက်အောက်မှာ ကစားသမားတွေ မပျော်ရွှင်ဘဲ ခြေစွမ်းပျောက်နေတယ်ဆိုတာလည်း မဟုတ်ပါဘူး" လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။

ဒါပေမယ့် ပီရက်ဇ်က လက်ရှိနည်းပြတစ်ယောက် ရလဒ်ပိုင်းဆိုးရွားပြီဆို ထောက်ခံတဲ့သတင်းစာရှင်းလင်းပွဲတွေကို ပြုလုပ်တတ်တာ အခုဘင်နီတက်ဇ်နဲ့မှမဟုတ်ဘဲ အရင်နည်းပြ မော်ရင်ဟို၊ အန်စလော့တီတို့နဲ့တုန်းကလည်း ပြုလုပ်ခဲ့ပေမယ့် နောက်ဆုံးမှာ ကတ္တီပါလမ်းခွဲဇာတ်လမ်းသာရေးသားတတ်တာကို ဘောလုံးပရိသတ်တွေ အသိပါ။ မော်ရင်ဟိုက ရီးယဲလ်စီနီယာကစားသမားနှစ်ဦးဖြစ်တဲ့ ဂိုးသမား ကားဆီးလက်စ်၊ ရာမို့စ်တို့နှစ်ဦးစလုံးနဲ့ အဆင်မပြေခဲ့ဘဲ ရလဒ်ပိုင်းလည်း ကျဆင်းလာခဲ့ပါတယ်။ အဲဒီအချိန်မှာ ဥက္ကဋ္ဌကြီးပီရက်ဇ်က နည်းပြထက် ကစားသမားဘက်ကသာရပ်တည်မှာဖြစ်လို့ မော်ရင်ဟိုအနေနဲ့ ရီးယဲလ်က ထွက်ခွာရတော့မှာဖြစ်တယ်လို့ စပိန်သတင်းစာမာကာကရေးသားခဲ့ပါတယ်။ ဒီသတင်းထွက်လာပြီးနောက်နှစ်ရက်အကြာမှာ ဥက္ကဋ္ဌကြီး ပီရက်ဇ်က ဒီသတင်းတွေက လုံးဝမမှန်ကြောင်း၊ မော်ရင်ဟိုသာ ရီးယဲလ်အတွက် အကောင်းဆုံးနည်းပြဖြစ်ကြောင်းနဲ့ ရီးယဲလ်ရဲ့အနာဂတ်ကို မော်ရင်ဟိုလက်ထဲယုံယုံကြည်ကြည်ထည့်ထားကြောင်း သတင်းစာရှင်းလင်းပွဲမှာ ဖောင်သာဝေအောင်ပြောခဲ့ပေမယ့်နောက်လေးလအကြာမှာတော့ မော်ရင်ဟိုဟာ ရီးယဲလ်ကနေထွက်ခွာခဲ့ရပါတယ်။

အဲဒီနောက် ချက်ချင်းဆိုသလိုပါပဲ။ အန်စလော့တီကို သုံးနှစ်စာချုပ်နဲ့ ချုပ်ဆိုခေါ်ယူခဲ့ပါတယ်။ အန်စလော့တီကို ခေါ်ယူလိုက်တာက ရီးယဲလ်အတွက် ကံကောင်းခဲ့ပြီး သူ့ရဲ့ ပထမဆုံးသက်တမ်းမှာပဲ ၁၂ နှစ်ကြာ ဝေးကွာနေတဲ့ ချန်ပီယံလိဂ်ဖလားပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ၂၀၀၄ မှာတော့ ရီးယဲလ်မှာ အဓိကကစားသမား အတော်များများ ဒဏ်ရာရရှိခဲ့ပြီးနောက်ပိုင်း ရလဒ်ပိုင်းလည်း ဆိုးရွားလာခဲ့ပါတယ်။ အဲဒီအချိန်မှာလည်း ပီရက်ဇ်က အန်စလော့တီဟာ ရီးယဲလ်အတွက် ချန်ပီယံလိဂ်ဖလားရယူပေးထားတဲ့ နည်းပြဖြစ်တာကြောင့် ဒီအီတလီသားနည်းပြကြီးကို သူ့အနေနဲ့ ဘယ်လောက်အထိယုံကြည်ထားကြောင်း သတင်းစာရှင်းလင်းပွဲလုပ်ကာ အာမခံချက်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်းနောက်နှစ်လအကြာမှာတော့ အန်စလော့တီနဲ့လမ်းခွဲကြောင်း ကြေညာချက်ထုတ်ကာ နာပိုလီနည်းပြ ဘင်နီတက်ဇ်ကို အစားထိုးခန့်အပ်ခဲ့ပါတယ်။

သေချာတာတစ်ခုကတော့ ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးရင် အဲဒီနည်းပြကို ကြာရှည်မထားဘဲ ထုတ်ပယ်ပစ်တော့တာပါပဲ။ ဒါ့အပြင် ပီရက်ဇ်က" ကျွန်တော်က ရီးယဲလ်ပရိသတ်တွေကိုလေးစားသူဖြစ်တာကြောင့် ပရိသတ်တွေရဲ့ တောင်းဆိုတတ်တဲ့ဆန္ဒအတိုင်းပဲ နည်းပြနဲ့ ကစားသမားအပြောင်းအရွှေ့ကို ဖော်ဆောင်တာပါ" လို့ ပြောတတ်တာကြောင့်အခုလည်း ဘင်နီတက်ဇ်နေရာမှာ အစားထိုးဖို့သင့်လျော်တဲ့ နည်းပြတစ်ဦးကို အလျင်အမြန်ရှာဖွေနေပြီဆိုတာထင်ရှားပါတယ်။

> **သေချာတာ တစ်ခုကတော့ ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးရင် အဲဒီနည်းပြကို ကြာရှည်မထားဘဲ ထုတ်ပယ်ပစ်တော့တာပါပဲ။ ဒါ့အပြင် ပီရက်ဇ်က" ကျွန်တော်က ရီးယဲလ်ပရိသတ်တွေကို လေးစားသူဖြစ်တာကြောင့် ပရိသတ်တွေရဲ့ တောင်းဆိုတတ်တဲ့ ဆန္ဒအတိုင်းပဲ နည်းပြနဲ့ ကစားသမားအပြောင်းအရွှေ့ကို ဖော်ဆောင်တာပါ" လို့ ပြောတတ်တာကြောင့် အခုလည်း ဘင်နီတက်ဇ်နေရာမှာ အစားထိုးဖို့ သင့်လျော်တဲ့နည်းပြတစ်ဦးကို အလျင်အမြန်ရှာဖွေနေပြီဆိုတာ ထင်ရှားပါတယ်။**

ဇီဒန်းကတော့ သူဟာ ဒီနှစ်ဘောလုံးရာသီမှာ ရီးယဲလ်ကို ကိုင်တွယ်ဖို့အသင့်အနေအထားမရှိသေးဘူးလို့ အကြောင်းပြချက်ပေးထားတာကြောင့် အခြားအတွေ့အကြုံရင့်ကျက်နေတဲ့ နည်းပြတစ်ဦးကိုသာ ခန့်အပ်သွားမယ့်အနေအထားပါ။ ပြီးတော့ လာလီဂါဟာ အခြားလိဂ်တွေနဲ့မတူတာက ရမှတ်တူရင် သွင်းဂိုးပိုသာတဲ့အသင်းက ချန်ပီယံဖြစ်တာမျိုးမဟုတ်ဘဲ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရတဲ့အသင်းကသာ ချန်ပီယံဆုရရှိတဲ့အနေအထားကြောင့် ဘာစီလိုနာကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရခြင်းက ရီးယဲလ်အတွက် အတော့်ကိုအထိနာတဲ့အနေအထားကို ရောက်ရှိစေပါတယ်။ ဒါကြောင့် ယေဘုယျကျကျ သုံးသပ်ရရင် ဘင်နီတက်ဇ်အနေနဲ့ ရီးယဲလ်ကို နှုတ်ဆက်ဖို့ချိန်တန်ပြီဆိုတာ . . .။


| နိုဝင်ဘာ ၂၄ ရက် အနိုင်/အရှုံးရလဒ်များ | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၃** | | | | |
| ခရစ္စတယ်ပဲလေ့စ် | ၀ | - | ၁ | ဆန်းဒါးလန်း |
| **လာလီဂါ ပွဲစဉ် - ၁၂** | | | | |
| ဂီတာဖေး | ၁ | - | ၁ | ဗယ်လီကာနို |

## အာဆင်နယ်ကွင်းလယ်ကစားသမား ကိုကွာလင် သုံးလနားရမည်

အာဆင်နယ်ကွင်းလယ်ကစားသမား ကိုကွာလင်သည် ဝက်စ်ဘရွန်းအားရှုံးနိမ့်ခဲ့သည့်ပွဲတွင် ရရှိခဲ့သော ဒူးအရွတ်ကြောဒဏ်ရာကြောင့် အနည်းဆုံးသုံးလခန့် အနားယူရတော့မည်ဖြစ်ကြောင်း ဘီဘီစီစပို့ဝက်ဘ်ဆိုက်က ဖော်ပြသည်။ အာဆင်နယ်တွင် ချိန်ဘာလိန်၊ အတီတာ၊ ဂျက်ဝီရှိုင်းယား၊ သီယိုဝဲလ်ကော့နှင့် ဝဲလ်ဘတ်တို့လည်း ဒဏ်ရာရရှိနေသဖြင့် အသက်(၂၄)နှစ်အရွယ်ရှိ ကိုကွာလင် ဒဏ်ရာရရှိခဲ့ခြင်းက အာဆင်နယ်အတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့သည်။

အာဆင်နယ်သည် လက်ရှိတွင် ဦးဆောင်သူလက်စတာထက် နှစ်မှတ်လျော့နည်းကာ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၄)နေရာတွင် ရပ်တည်နေသည်။သို့သော် အာဆင်နယ်နည်းပြဝင်းဂါးကမူ ကိုကွာလင်နေရာတွင် ဖလာမီနီနှင့် ချိန်ဘားစ်တို့ကို ဝင်ရောက်ကစားရန်အဆင်ပြေသဖြင့် အာဆင်နယ်၏ ပွဲထွက်လူစာရင်းအတွက် စိတ်မပူကြောင်းဆိုခဲ့သည်။

ကိုကွာလင်သည် ပရီမီယာလိဂ် အရေးကြီးပွဲစဉ်များဖြစ်သည့် ဒီဇင်ဘာ ၂၁ရက် မန်စီးတီးအားရင်ဆိုင်ရမည့် ပွဲစဉ်ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက် တွင်ကစားမည့် လီဗာပူးနှင့်ပွဲစဉ်ကိုလည်းကောင်း လွဲချော်တော့မည်ဖြစ်သည်။




## ဥရောပရွှေဖိနပ်ဆုကို ရယူရန် အလားအလာရှိနေသည့် အော်ဘာမီယန်

ဒေါ့မွန်တိုက်စစ်မှူးအော်ဘာမီယန်သည် ဒေါ့မွန်က ဟမ်းဘတ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲ၌ အနိုင်ဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီ၊ ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးတို့နှင့် အပြိုင် ဥရောပရွှေဖိနပ်ဆုကို ရယူရန် အလားအလာများနေပြီဖြစ်သည်။ ယခင်က ဥရောပ ရွှေဖိနပ်ဆုစာရင်းကို စီရိုနယ်လ်ဒို၊ မက်ဆီတို့ကသာ လွှမ်းမိုးနေခဲ့ သော်လည်း ယခုနှစ်တွင် အဆိုပါတိုက်စစ်မှူးနှစ်ဦးစလုံးမှာ ခြေစွမ်းပိုင်း ရုန်းကန်နေရသော အနေအထားကြောင့် ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီယန်ကသာ ယင်းဆုကို ရယူသွားဖွယ်ရှိသည်ဟု ဂိုးဒေါ့ ကွန်းက သုံးသပ်ထားသည်။

ယမန်နှစ်ရွှေဖိနပ်ဆုရှင် စီရိုနယ်လ်ဒိုကမူ ယခုနှစ်တွင် ထိပ်တန်း ဂိုးသွင်းရှင် ၂၀ စာရင်းမှာပင် မဝင်ရောက်ဘဲ ခြေစွမ်းပိုင်းကျဆင်းနေသောကြောင့် မန်ယူသို့ပြောင်းရွှေ့မည်ဆိုသော သတင်းများထွက်ပေါ်နေသူဖြစ်သည်။

**ရှိုင်းဟန်ဟောင်း - စုစည်းသည်**



## ရာမို့စ်နှင့် မာဆယ်လို ရီးယဲလ်၏ ချန်ပီယံလိဂ်ပွဲစဉ်လွဲချော်မည်

ရီးယဲလ်မက်ဒရစ်အသင်း၏ အဓိကနောက်တန်းကစားသမားနှစ်ဦးဖြစ်သည့် ရာမို့စ်နှင့် မာဆယ်လိုတို့သည် နိုဝင်ဘာ ၂၆ ရက်တွင် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပါဝင်လာမည်မဟုတ်ဘဲ လွဲချော်လိမ့်မည်ဖြစ် ကြောင်း သိရသည်။

အဆိုပါကစားသမားနှစ်ဦးပါဝင်လာမည်မဟုတ်ကြောင်းနှင့် ပတ်သက်၍ ဘာစီလိုနာအသင်းအား ရီးယဲလ်မက်ဒရစ်အသင်းက လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာက ဖော်ပြခဲ့သည်။

ထို့ပြင် ဒဏ်ရာရရှိခြင်းမရှိဘဲ အသင်းနှင့် ပါဝင်ကစားနိုင်သည့် ကစားသမားများမှာ နာဗက်၊ ကက်ဆီလာ၊ ဗာရာနီ၊ ပီပီ၊ နာချို၊ ကာဗာ ဂျယ်၊ ဒန်နီလို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဂါရတ်ဘေးလ်၊ ကာဆီမီရို၊ ကိုဗာဆစ်၊ လူကာမိုဒရစ်၊ အစ္စကို၊ စီရိုနယ်လ်ဒို၊ ဘင်ဇီမာ စသည့် ကစားသမားများ သာရှိပြီး ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အဆိုပါကစားသမားထဲမှ အကောင်းဆုံးကစားသမားများကို ပွဲထုတ်သွား မည်ဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**



## ပုဗ္ဗသီရိမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအုပ်စု ခါးပြတ်ကျေးရွာရှိ ဦးလှကို၏ သွပ်မိုးနှစ်ထပ်တိုက်နေအိမ်တွင် နိုဝင်ဘာ ၂၃ ရက်ည ၇ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၃ စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးခဲ့ပြီး ည ၇ နာရီမိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

ဝါယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်ခြင်းဖြစ်သည်ဟု ကနဦးသိရှိရကြောင်း၊ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင်အား ပုဗ္ဗသီရိမြို့နယ် ပတ္တာရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရွှေကူတ္တို)**

## နေအိမ်ခြံဝင်းတစ်ခု၌ မိန်းကလေးငယ်တစ်ဦး ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်ဆိုသည့် အမှုကို သက်ဆိုင်ရာမှတစ်ဆင့် တရားရုံးသို့ ဦးတိုက်လျှောက်ထား

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ နေအိမ်ခြံဝင်းတစ်ခု၌ (၈)နှစ်အရွယ် မိန်ကလေးငယ်တစ်ဦး ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်ဆိုသည့်အမှုကို ယမန်နေ့ မွန်းလွဲပိုင်းက သက်ဆိုင်ရာမှတစ်ဆင့် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ကြောင်း ဗဟန်းမြို့မရဲစခန်းမှ စုံစမ်းသိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခန့်က ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ နေအိမ်ခြံဝင်းအတွင်း၌ အသက်(၈) နှစ်အရွယ် မိန်းကလေးတစ်ဦးအား အဝတ်အစားများချွတ်၍ နေပူထဲတွင် ကြိုးတုပ်၊ ဒူးထောက်ထိုင်ခိုင်းပြီး ဝါးခြမ်းပြားဖြင့် ရိုက်နေကြောင်း သတင်းအရ ဗဟန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းခဲ့ရာ ၎င်းကလေးငယ်မှာ ယင်းအိမ်တွင်နေထိုင်သူ မစုဝေ အသက်(၈)နှစ်ဆိုသူဖြစ်ပြီး ဝါးခြမ်းပြားဖြင့် ရိုက်ခြင်း၊ ကြိုးတုပ်ခြင်း၊ နေအိမ်ခြံဝင်းအတွင်း နေပူလှန်းခြင်းများပြုလုပ်သူမှာ ယင်းအိမ်တွင် အလုပ်လုပ်ကိုင်သူ မသန်းနွဲ့ (၄၂)နှစ်ဖြစ်ကြောင်း ဗဟန်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ စုံစမ်းစစ်ဆေးချက်အရ သိရသဖြင့် အလုံမြို့နယ်မှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူးက ကလေးသူငယ်ဥပဒေပုဒ်မ-၆၆(ဃ)အရ တရားရုံးသို့ဦးတိုက်လျှောက်ထား တရားစွဲရန် စီစဉ်ခဲ့ကြောင်း ဗဟန်းမြို့မရဲစခန်းမှ သိရသည်။

"ဒီအမှုက ရဲအရေးမပိုင်တော့ တရားရုံးကိုဦးတိုက်လျှောက်နိုင်ဖို့ကူညီပေးခဲ့တယ်။ ကလေးကတော့ သူ့မိခင်နဲ့အတူရှိနေပါတယ်။ လူမှုဖူလုံရေးအဖွဲ့ကလည်း ကလေးမှာရရှိထားတဲ့ဒဏ်ရာတွေကို ဆက်လက်ကုသမှုတွေလုပ်ပေးပြီး စောင့်ရှောက်မှုတွေလုပ်ပေးနေပါတယ်"ဟု ရန်ကုန်အနောက်ပိုင်းခရိုင်မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်းက ပြောသည်။

အဆိုပါဖြစ်စဉ်တွင် ကလေးငယ်အား လိမ္မာစေရန် ဆုံးမခြင်းမျိုးမဟုတ်ဘဲ တမင်နှိပ်စက်ညှဉ်းပန်းခြင်းများပြုလုပ်ခဲ့သည့် မသန်းနွဲ့အပေါ် ဥပဒေအရ အရေးယူပေးပါရန် ဗဟန်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး ဒေါ်စန်းစန်းထွေးက တရားလိုပြုလုပ်၍ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက ဗဟန်းတရားရုံးသို့ ဦးတိုက်လျှောက်ထားတင်ပြခဲ့ရာ ဗဟန်းမြို့နယ်တရားရုံး မြို့နယ်တရားသူကြီး ဦးရဲလွင်က ပြစ်မှုကြီးအမှတ် ၅၀၈/၂၀၁၅ ဖြင့် ရေးဖွင့်လက်ခံစစ်ဆေးခဲ့ပြီး အမှုအားစစ်ဆေးရန် ရုံးချိန်းကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီသို့ ပြန်လည်ချိန်းဆိုခဲ့ကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**

## ထားဝယ်မြို့၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ ဒေါ်ကြည်တင်(ခ)ကုလားမ(၈၀)နှစ်၏ ပေ ၅၀×၁၆ ပေ နီမိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ် နေအိမ်နောက်ဖေးတွင် အဖီထုတ်ထားသော မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် နိုဝင်ဘာ ၂၂ ရက်ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က မီးစတင်လောင်ကျွမ်းပြီး နေအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့ရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်ခြောက်စီး၊ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဒေါ်ကြည်တင်(ခ) ကုလားမအား ထားဝယ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ နှင့် အိုက်စ် သုည ဒသမ ၈၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်က တာချီလိတ်မြို့ တော်ကော့(ပြင်)ရပ်ကွက်နေ ဆန်ခွက်နှင့် အားချင်တို့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၊ အိုက်စ် သုည ဒသမ ၈၅ ကီလို၊ ထိုင်းနိုင်ငံသုံး ဆင်းကတ်ပါလက်ကိုင်ဖုန်းနှစ်လုံးနှင့် Mark II အမျိုးအစား ယာဉ်တစ်စီးတို့ကို လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၂၂ ရက်က လွယ်တော်ခမ်းစစ်ဆေးရေးစခန်းနှင့် လွယ်တော်ခမ်းတံတားအနီးလမ်းမပေါ်တွင် တာချီလိတ်ဘက်မှ အောင်စိုးမိုး(ခ)အသေးလေး မောင်းနှင်ပြီး ဖြိုးတေဇာလှိုင်(ခ)မဲကြီး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀ ကို လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်က ရမည်းသင်းမြို့ သင်ပန်းကုန်းကျေးရွာအုပ်စု လက်ဆည်ကန်ရပ် ဇော်မျိုး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား၂၀၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

ဝဝဝ

## ကျိုက်ထို၌ယာဉ်တိုက်မှုဖြစ်ပွား

**ကျိုက်ထို နိုဝင်ဘာ ၂၄**

ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၀၅/၅)နှင့် (၁၀၅/၆)ကြားတွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှူး ဒု-ရဲမှူးကိုကိုဦး၊ တာဝန်မှူးဒုရဲအုပ်ကောင်းဟန်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လက်ပြကျေးရွာ ပြုံးမမထမင်းဆိုင်ရှေ့ ကားလမ်းဘေးတွင် စက်ပြင်ရန်ရပ်ထားသည့် ကြည်း /--- အဲရိုးလက်အမျိုးအစား ယာဉ်အား နွားထိုးကြီးမြို့နယ်နေ သက်ဇော်ဝင်း (၂၁)နှစ် မောင်းနှင်လာသည့် 8J/------ နီဆန်းထရပ် အဖြူရောင် (၁၂)ဘီးယာဉ်က ဘရိတ်ပေါက်ပြီး ဝင်ရောက်တိုက်မိရာ ယာဉ်အောက်တွင် ပြင်ဆင်နေသည့် ဒု-တပ်ကြပ် တင်နွယ် (၄၅)နှစ်မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး တပ်ကြပ်စိုးနိုင်(၄၆)နှစ်နှင့် တပ်သား သန်းထွန်းအောင်တို့မှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**ဝင်းမောင်(ကျိုက်ထို)**

# မွေးနေ့ဆုတောင်း

"ချစ်ဇနီး

**Happy Birthday** သဲ"

ချစ်ဇနီး မမိုးပြည့်ပြည့်ဖြိုး ရဲ့ ၂၅-၁၁-၂၀၁၅ ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း(၁၂၀)ကျော်တိုင် ချစ်သော ဖေဖေ၊ မောင်၊ သားတို့နှင့်အတူ တိုင်းပြည်အကျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်သော ဇနီးကောင်းဖြစ်ပါစေကြောင်း ဆုတောင်းလျက်-

ချစ်ခင်ပွန်း - ဗိုလ်မှူးကျော်ကိုကိုရှိန်း
သားကြီး - ကျော်ကိုကိုဆက်နိုင် **(BRAIN Senior Breezy Total Parami)**
သားငယ် - သုဝေယံရှိန်း(ခ) သုသု **(BRAIN Leaders-Breezy Total Parami)**
သားငယ်လေး - မိုးပြည့်စုံဟိန်း(ခ)စုံစုံ **(BRAIN Champs-Aplomb Total Parami)**

**မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု**

**ဦးရဲမင်းဗိုင်(သင်္ချာ)** နွေ ၈ တန်း(သင်္ချာ-အင်္ဂလိပ်စာ)
၁၆၅၊(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်
**၁၀ တန်း ဘာသာစုံ စာမေးပွဲအနီးကပ်**
(မေးခွန်းအစုံ)လေ့ကျင့်တန်းခွဲ၍နေ့စဉ်(၉း၃၀ မှ ၂း၀၀ )သင်တန်းကြေး ၃လ = ၁၈၀၀၀၀
TEL:09731 61140



# သထုံမြို့ရှိ ရှေးဟောင်းသမိုင်းအမွေအနှစ်များအား ပြည်ပသုတေသီများလာရောက်လေ့လာ

**သထုံ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင်အထင်ကရနေရာများနှင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ပြည်တွင်းလေ့လာသူများအပြင် ယခုနှစ်အတွင်း ပြည်ပမှသုတေသီများ လာရောက်လေ့လာမှု ပိုမိုများပြားလာကြောင်း သိရသည်။

ယင်းသို့ သုတေသီများ စိတ်ပါဝင်စားမှုများရှိလာခြင်းကြောင့် ယင်းနေရာတွင် သမိုင်းအမွေများ ရေရှည်တည်တံ့ရေးအတွက် ဒေသခံများအား အသိပညာပေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုကြောင်း သမိုင်းသုတေသနပညာရှင် ဦးစံဝင်းက ပြောသည်။

"သထုံမှာရှိတဲ့ သုဝဏ္ဏဘူမိမြို့ဟောင်းနဲ့ပတ်သက်တဲ့ အထောက်အထားတွေကို နိုင်ငံတကာကလေ့လာသူတွေ အတော်စိတ်ဝင်စားကြတယ်။ ဒီအထောက်အထားတွေက တိမ်မြုပ်နေတာ တွေလည်းရှိသလို ထင်ထင်ရှားရှားမြင်တွေ့ရတာတွေလည်းရှိတယ်။

"ကျန်ရှိနေသေးတဲ့ သမိုင်းအမွေအနှစ်တွေကို မပျက်စီးရအောင် ဒေသခံတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဖို့လိုသလို တာဝန်ရှိသူအားလုံးကလည်း ဝိုင်းဝန်းထိန်းသိမ်းကြဖို့လိုတယ်။ ဒီသမိုင်းအမွေတွေက မွန်ပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်ပြီးတော့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အကျိုးဖြစ်ထွန်းစေမှာပါ" ဟု ၎င်းကဆိုသည်။

ဗြိတိန်နိုင်ငံသား သမိုင်းသုတေသီတစ်ဦးဖြစ်သည့် SOAS, University of London rS Mr Ben Wreyford က "စိတ်ဝင်စားစရာတွေအများကြီးတွေ့ခဲ့ပါတယ်။ စိတ်မကောင်းစရာကတချို့နေရာတွေမှာ ထိန်းသိမ်းမှုအားနည်းလို့ မပျက်စီးသင့်ဘဲပျက်စီးနေတာတွေကိုလည်း တွေ့ခဲ့ရတယ်။ ဒီလိုလေ့လာပြီးတော့ သထုံရဲ့ယဉ်ကျေးမှုအဆင့်အတန်းကို လေးစားမိတယ်။ သထုံကိုလေ့လာခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်" ဟု လာရောက်သုတေသနပြုလေ့လာစဉ် ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

လေ့လာသူအများစုမှာ အထင်အရှားကျန်ရှိနေသေးသည့် သထုံမြို့ဟောင်း မြေသားမြို့ရိုးများ၊ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သိကြားဘုရားပေါ်မှ စဉ့်ကွင်းရုပ်ကြွများ၊ မွန်ကျောက်စာရုံအတွင်း ထိန်းသိမ်းထားသည့် ရှေးဟောင်းရုပ်ပွားတော်များနှင့် မွန်ကျောက်စာများ၊ ကလျာဏီသိမ်တော်ဝန်းကျင်ရှိ သိမ်နိမိတ်ကျောက်ဆစ်ရုပ်ထုများနှင့် သိမ်ကျောက်စာများ၊ အုတ်ခွက်ဘုရားများ စသည်တို့ကို အဓိက လာရောက်သုတေသနပြုကြကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**သက်ဦး(သထုံ)**



# ဘောဂလိမြို့၌ ကွမ်းသီးခူးယူခြင်းလုပ်ငန်းများ စတင်

**ဘောဂလိ နိုဝင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ဥယျာဉ်ခြံရှိ ကွမ်းသီးများကို နိုဝင်ဘာလမှစတင်၍ ခြံပိုင်ရှင်များက ခူးဆွတ်ခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကွမ်းသီးခြံပိုင်ရှင်များအနေဖြင့် ကွမ်းသီးခူးဆွတ်ချိန်ကာလတွင် အခြောက်လှမ်းရန်အတွက် ကွမ်းသီးလှန်းစင်များ ဆောက်လုပ်ကြပြီး အပင်ပေါ်သို့တက်ရောက်ခူးယူ အခွံခွာနေလှန်းခြင်းနှင့် အမှည့်ကြွေကွမ်းသီးအလုံးလှများကို ပျိုးပင်ပေါက်ရောင်းချရန်နှင့် စိုက်ပျိုးရန်အတွက် ပျိုးထောင်ကြကြောင်း သိရသည်။

လက်ရှိတွင် ကွမ်းသီးဈေးကွက်၌ ကွမ်းသီးအမှည့် အခွံပါတစ်လုံးလျှင် ကျပ် ၃၀၊ ကွမ်းသီးအပေါ်ခွံခွာပြီးသား အစိမ်းတစ်ပိဿာလျှင် ကျပ် ၃၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**စိုင်းခင်(ပြန်/ဆက်)**

# အဆင့်မြင့်နည်းပညာများအသုံးပြု၍စားအုန်းဆီထုတ်လုပ်ပုံများရှင်းလင်းဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၄**

MALAYSIA PALM OIL COUNCIL & FELDAGLOBLEVENTURES နှင့် GRAND WYNN GROUP OF COMPANY တို့ပူးပေါင်းကျင်းပသော "HEALTH AND SUSTAINABILITY THROUGH MALAYSIAN OIL" မလေးရှားစားအုန်းဆီနှင့် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ပုံအကြောင်းနှင့် SAJIAJI VEGETABLE & MOM CHOICE COOKING OIL အသုံးပြုပုံများအကြောင်း ရှင်းလင်းပွဲကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ဆီဒိုးနာဟိုတယ်တွင် ကျင်းပခဲ့သည်။

ယင်းနောက် GRAND WINN GROUP OF COMPANY CHAIRMAN ဦးလှဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး MALAYSIA PALM OIL COUNCIL မှ Marketing and Market Development Executive Mr. Mohamad Hafezh Bin Abdul Rahman က မလေးရှားနိုင်ငံ စားအုန်းဆီထုတ်လုပ်မှု၊ဖြန့်ဖြူးရောင်းချမှု၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်မှုများဆောင်ရွက်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

မလေးရှားနိုင်ငံ FELDA GLOBLE VENTURES, DELIMA OIL PRODUCTS SDN. BHD မှ အဆင့်မြင့်နည်းပညာများကို အသုံးပြုကာ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်ထားသော Saji Vegetable Oil ဈေးနှုန်းသက်သာပြီး ကိုလက်စထရောလုံးဝမပါရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပ၊ အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်များ၊ မန္တလေးပွဲစားကုန်သည်စက်ပိုင်များအသင်းမှ အဖွဲ့ဝင်များ၊ ဈေးများမှ ဆီကုန်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကျွန်းစုမြို့နယ်၌ မီးဘေးလုံခြုံရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်



**ကျွန်းစု နိုဝင်ဘာ ၂၄**

ကျွန်းစုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အများပြည်သူများသိရှိစေရန် နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက မြို့မဈေးကြီးတွင် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် သန္နိတပ်ဖွဲ့ဝင် ၁၁ ဦးတို့က မီးလောင်မှုဖြစ်ရာတွင် မီးငြိမ်းသတ်ရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

ကျွန်းစုမြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း မီးလောင်ကျွမ်းမှုနှစ်ခုဖြစ်ခဲ့ပြီး သန္တုတ်ကျေးရွာအုပ်စု၊ တောနောက်လယ်ကျေးရွာနှင့် ရေကန်အော်ကျေးရွာအုပ်စု၊ ကလန်းအော်ကျေးရွာတို့တွင် ဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဦးက ပြောပြခဲ့သည်။

ကျွန်းစုမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ မီးသတ်ရေသယ်ယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ်သုံးစီးနှင့် ရေပြင်ကယ်ဆယ်ရေးနှင့် ရေပြင်မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် FIRE BOAT တစ်စီးရှိကြောင်းနှင့် ပွင့်လင်းရာသီရောက်ရှိလာ၍ မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကာကွယ်စေရေးအသိပညာပေးလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။**ရန်နိုင်(ကျွန်းစုပြန်/ဆက်)**

# မြစိမ်းရောင် လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်း ဆင်းပွဲကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မိုးလုံလေလုံခန်းမတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ၄ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီး ဦးမြင့်အောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဦးလမ်းဗိုလ်က ဒေးဒရဲ၊ မော်ကျွန်း၊ ဓနုဖြူ၊ ရေကြည်၊ ဇလွန်နှင့် ဝါးခယ်မမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ သင်တန်းသားများအနေနှင့် ခေါင်းဆောင်မှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းနှင့် ငွေစာရင်းအပိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲကာ အဓိကထားလုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

သင်တန်းသို့ ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ ကျုံပျော်၊ ရေကြည်၊ သာပေါင်း၊ ငပုတောမြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၆၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ သုံးရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဘားအံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ၊ တစ်ဧက ၆၂ ဒသမ ၁၂ တင်းထွက်ရှိ

**ဘားအံ နိုဝင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စု လယ်သမားကြီး ဦးမျိုးညွန့်၏ မိုးစပါးဆင်းသုခမျိုးစိုက်ပျိုးသည့်လယ်မြေတွင် စံကွက်ရိတ်သိမ်းခြင်းနှင့် ကော့လှိုက်ကျေးရွာ ဦးလှသိန်း၏ မိုးစပါး မနောသုခမျိုးစိုက်ပျိုးသည့် လယ်ဧက ၂ ဒသမ ၅၈ ဧကအား ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက်နိုဝင်ဘာ ၂၀ ရက်က ရိတ်သိမ်းပွဲကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးနိုင်အောင်နှင့် ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်လွင်တို့ဦးဆောင်၍ ဘားအံမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများသည် ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၀၉-ခ) ဦးပိုင်အမှတ်(၁၈/၅)၊ လယ်သမားကြီး ဦးမျိုးညွန့်၏ မိုးစပါး ဆင်းသုခမျိုးစိုက်ခင်း စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကထွက်နှုန်း ၇၂ ဒသမ ၄၀ တင်းနှင့် ကော့လှိုက်ကျေးရွာအုပ်စု ကွင်းအမှတ်( ၁၂၀၈-ခ ) ဦးပိုင်အမှတ် (၃၉/၁) လယ်သမားကြီး ဦးလှသိန်း၏ မိုးစပါး မနောသုခမျိုးစိုက်ပျိုးသည့် လယ်မြေ ၂ ဒသမ ၅၈ ဧက ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၆၂ ဒသမ ၁၂ တင်းထွက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ ကျောက်ကြီးမြို့တွင် ကွင်းဆင်းဆောင်ရွက်

**ကျောက်ကြီး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (တောင်ငူ) က ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များကို နယ်လှည့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ခရိုင်ရုံး (တောင်ငူ) မှ ခရိုင်ဦးစီးမှူး ဦးအောင်တင်ဦးနှင့်အဖွဲ့သည် ကျောက်ကြီးမြို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီထိ သတ်မှတ်ရက်အတွင်း ယာဉ်မောင်းလိုင်စင်`u´အသစ် ၂၉၄ စောင်၊ `o´ အသစ် ငါးစောင်၊ `u´ သက်တမ်းတိုး ၁၀ စောင်၊ `o´ သက်တမ်းတိုး သုံးစောင်နှင့်၊ ယာဉ်လိုင်စင်သက်တမ်းတိုး မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် အစီး ၅၀ တို့ကို အပြီးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(၁၂၂)**

ကျန်းမာရေးဆောင်းပါး

# ဦးနှောက်ထက်မြက်စေမယ့် နည်းလမ်း - ၁၀ မျိုး

à တင်ထက်ထက်ဇော်

ဦးနှောက်ဟာ ခန္ဓာကိုယ်တစ်ခုလုံးကို ထိန်းချုပ်ပေးတဲ့ ဗဟိုဌာနဖြစ်တာကြောင့် အင်မတန်မှရှုပ်ထွေးတဲ့ အင်္ဂါအဖွဲ့အစည်းတစ်ခုပါပဲ။ ဦးနှောက်ကျန်းမာဖို့ အရေးကြီးသလို ထက်မြက်တဲ့ ဦးခေါင်းပိုင်ရှင်ဖြစ်ချင်ကြတာ လူသားတိုင်းရဲ့ဆန္ဒပါ။ ဦးနှောက်ကျန်းမာနေမှသာ ဦးနှောက်နဲ့ အာရုံကြောရောဂါတွေအပြင်၊ Alzheimer (ခေါ်) အရွယ်မတိုင်ခင် ဦးနှောက်ဇရာအကြိုရောဂါတွေပါ ဖြစ်မလာစေနိုင်တော့ပါဘူး။ ဒါကြောင့် ဦးနှောက်ထက်မြက်စေဖို့ အောက်ပါနည်းလမ်း ၁၀ သွယ်ဖြင့် မိမိကိုယ်ကို စောင့်ရှောက်ကြည့်စေလိုပါတယ်။

(၁) တစ်နေ့ကို အနည်းဆုံး ရှစ်နာရီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင် အိပ်ပါ။ အိပ်ရေးမဝခြင်းက မှတ်ဉာဏ်စွမ်းရည် ကျဆင်းခြင်း၊ ကိုယ်ခံစွမ်းအားကျဆင်းခြင်း၊ ဆီးချိုအမှတ်(၂) ဖြစ်လာခြင်း၊ ဆူညံသံတွေမခံစားနိုင်တော့ဘဲ အကြားအာရုံချို့ယွင်းလာခြင်း၊ မကြာခဏ သန်းဝေငိုက်မျဉ်းကာ လန်းဆန်းမှုမရှိခြင်း၊ ခေါင်းကိုက်၍ မျက်စေ့အမြင်ဝေဝါးခြင်း၊ စိတ်မရှည်ဘဲ အလိုလိုဒေါသထွက်ခြင်း၊ နှလုံးခုန်နှုန်း မူမမှန်တော့ဘဲ နှလုံးရောဂါဖြစ်ခြင်း၊ ကိုယ်အပူချိန်ကျဆင်းလာခြင်း၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ အသားအရေပျော့တွဲအရောင်မွဲလာခြင်း၊ ဂယောင်ချောက်ချားဖြစ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းမရှိတော့ဘဲ ဆုံးဖြတ်ချက်တွေ မှားယွင်းလာခြင်း စသည့် နောက်ဆက်တွဲဝေဒနာတွေ ခံစားရနိုင်ပါတယ်။

(၂) ဦးနှောက်ကို အလုပ်လုပ်ခိုင်းတာက ထက်မြက်လာစေမယ့် လေ့ကျင့်ခန်းတစ်ခုပါ။ လူကိုအပျင်းပြေစေပြီး၊ ပျော်စရာလည်းကောင်းတဲ့ Scrabble, Chess, ဉာဏ်စမ်း ပဟေဠိဝှက်ခြင်း၊ Crosswords, Sudoku စတဲ့ ဦးနှောက်လေ့ကျင့်ခန်းလေးတွေ မကြာခဏ ဆော့ကစားပေးပါ။

(၃) တွေးခေါ်ကြံဆပြီး နည်းလမ်းရှာရတဲ့ သင်္ချာပုစ္ဆာလေးတွေ၊ စာရင်းအင်းပညာတွေကို အဖြေညှိကြည့်ပါ (သို့မဟုတ်) လွန်ခဲ့တဲ့ ၂ ရက်၊ ၃ ရက်ခန့်က မိမိစားခဲ့သောဟင်းအမျိုးအမည်၊ ဝတ်ဆင်ခဲ့သော အဝတ်အစားအရောင်၊ တွေ့ဆုံခဲ့သောသူတွေအကြောင်းကို အချိန်ယူ ပြန်လှန်စဉ်းစားရင်း ဦးနှောက်ကို အလုပ်ပေးပါ။

(၄) ဗီတာမင်စီ၊ ဗီတာမင်ဘီ၊ ဗီတာမင်အီး၊ ဘီတာကယ်ရိုတင်း၊ ဖက်တီးအက်ဆစ်၊ ဖောလစ်အက်ဆစ်တွေက ဦးနှောက်ကို ခွန်အားဖြစ်စေပါတယ်။ ဦးနှောက်ကိုအားပြုစေတဲ့ အစားအစာများမှာ သောက်ရေသန့်၊ မက်မွန်သီး (အစိမ်း)၊ ပန်းသီး၊ ထောပတ်သီး၊ ပြောင်းဖူး၊ ငှက်ပျောသီး၊ ချိုသော အနက်ရောင်ဘယ်ရီသီးနှင့် အနီရောင်ချဉ်သော ဘယ်ရီသီးများ၊ ချယ်ရီသီး၊ ဂရိတ်ဖရူ၊ ကီဝီ၊ သံပရာ၊ သံလွင်ဆီ၊ လိမ္မော်၊ စပျစ်၊ စတော်ဘယ်ရီ၊ ခရမ်းချဉ်၊ မျှောက်ဥ၊ ကြွေဥ၊ ဝဥ၊ ကန်စွန်းဥ၊ ပဲပင်ပေါက်၊ ရှောက်၊ သံပယို၊ သစ်တော်၊ ဇီးသီး၊ ဇီးယို၊ တင်လည်းသီး၊ ရက်စ်ဘယ်ရီ၊ ဒေါက်ခွရွက်၊ သစ်ကြား၊ ဆန်၊ ဂျုံ၊ ဆပ်၊ လူး၊ ရွှေဖရုံသီးနှင့်အစေ့၊ ကလျာဏီပင်၊ ဝက်သစ်ချ၊ ပင်စိမ်းရွက်၊ စပျစ်ခြောက်၊ ကညွတ်၊ မတ်ပဲ၊ ပဲနီလေး၊ ပဲပိစပ်၊ ငရုတ်ချိုသီး၊ သကြား၊ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥနီ၊ အဆီနည်း ချိစ်၊ မချိုသောဒိန်ချဉ်၊ ကိုကိုးမှုန့်နှင့်ပြုလုပ်ထားတဲ့ ချောကလက်အနက်ရောင်၊ အစိမ်းရောင်လက်ဖက်ရည်၊ တို့ဟူး၊ တူနာငါး၊ အရေခွံမပါသော ကြက်သား၊ အဖြူရောင်ကြက်ဥ၊ ငါးကြီးဆီ၊ ပျားရည်၊ အရေခွံမပါသော ဘဲငန်းသား၊ ဆယ်လ်မွန်ငါး၊ အိုမီဂါ-၃ ဖက်တီးအက်ဆစ်ကြွယ်ဝသော ငါးများ စသည်တို့ဖြစ်ကြပါတယ်။

(၅) လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ ယောဂကျင့်ခြင်း၊ အေရိုးဗစ်စတဲ့ ကိုယ်လက်လှုပ်ရှားအားကစားတွေက သွေးလည်ပတ်မှုအားကောင်းစေတာကြောင့် ဦးနှောက်အရည်အသွေးကို တိုးတက်လာစေပါတယ်။ ဒ့ါပြင် လူကိုစိတ်အပန်းပြေစေပြီး၊ တွေးခေါ်ဉာဏ်စွမ်းရည် မြင့်မားစေပါတယ်။ (တရားထိုင်၊ တရားမှတ်ခြင်းကို နေ့စဉ်ပြုလုပ်ပေးသင့်ပါတယ်။)


(၆) လုံးဝမတူညီတဲ့ ဘာသာစကားများဖြစ်ကြတဲ့ ဥပမာ- အင်္ဂလိပ်နဲ့ ဂျပန်ဘာသာကို တစ်ပြိုင်တည်း လေ့လာသင်ယူကျက်မှတ်ပြောဆိုခြင်းက ဦးနှောက်ကို အလုပ်လုပ်စေလို့ ဉာဏ်ရည်ထက်မြက်စေတဲ့ နည်းလမ်းကောင်းများဖြစ်ကြပါတယ်။

(၇) သတင်းစာ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ကဗျာ၊ အင်တာနက်သတင်းများ စသည်ဖြင့် ဗဟုသုတရဖွယ်ရာ စာပေအမျိုးမျိုးတို့ကို ဖတ်ရှုလေ့လာပြီး၊ မိမိနှစ်သက်တဲ့စာသားတွေကို မှတ်စုရေးသားပြုစုကာ မကြာခဏပြန်လည်ဖတ်ရှုခြင်းက ဦးနှောက်ဆဲလ်များကို ကောင်းစွာ အလုပ်လုပ်စေပါတယ်။

(၈) ဦးနှောက်လန်းဆန်း တက်ကြွစေဖို့ တစ်နေ့လျှင် လက်ဖက်ရည် (သို့မဟုတ်) ကော်ဖီ အနည်းဆုံး တစ်ခွက်မျှသောက်ပေးပါ။ (လက်ဖက်ရည်၊ ကော်ဖီ နေ့စဉ်သောက်သုံးသူတွေဟာ လုံးဝမသောက်သူတွေထက် ဦးနှောက် ကင်ဆာဖြစ်နိုင်ခြေ ၃၄ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန် အာဟာရဂျာနယ်မှာ ဖော်ပြအကြံပြုထားပါတယ်။)

(၉) ပီကေဝါးစားခြင်းက ဦးနှောက်နဲ့ အာရုံကြောတွေကိုကောင်းစွာလှုံ့ဆော်ပေးပါတယ်။

(၁၀) အထက်ပါ ဦးနှောက်ထက် မြက်လာစေမယ့် အလေ့အကျင့်ကောင်းတွေကို လေ့လာလိုက်စားရင်း ဦးနှောက်အားရှိစေမယ့် အစားအစာတွေ စားသောက်နေထိုင်သော်လည်း သိသိသာသာ တိုးတက်မှုမရှိဘဲ ထုံထိုင်း၊ မေ့လျော့ခြင်းနေပါက ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပါ။ လိုအပ်ရင် ဆေးဝါးကုသမှုခံယူပါ။ (ဦးနှောက်ဟာ လူတစ်ဦးတစ်ယောက်အတွက် လွန်စွာအရေးပါပြီး၊ ထိခိုက်ပျက်စီးတဲ့အခါ ကြီးမားတဲ့ဆုံးရှုံးမှုကိုဖြစ်စေတာမို့ မပေါ့သင့်ပါဘူး။) (Ref; Useful Info and Health Tips)




## ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာ-ဂျပန်အသင်း၏ ဗဟိုအလုပ်အမှုဆောင် **ဦးသတိုးဟိန်း၊ မန်နေးဂျင်းဒါရိုက်တာ၊** Myanma Awba Group သည်
၂၀-၁၁-၂၀၁၅ နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက်
အာဆီယံထိပ်သီးအစည်းအဝေးပွဲ၏ အာဆီယံစီးပွားရေးထူးချွန်ဆုချီးမြှင့်ပွဲတွင်
ASEAN BUSINESS AWARDS 2015
YOUNG ENTREPRENEUR OF THE YEAR
ဆုအား ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအားပိုမို၍ အကျိုးပြုနိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ ဦးစောလှမင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာ-ဂျပန်အသင်း

## Hotel ဆောက်လုပ်ရန်အလွန်ကောင်းသောမြေကွက်အမြန်ရောင်းမည်

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမည့် ကယားပြည်နယ် လွိုင်ကော်မြို့လယ်၊ မိုင်းလုံးရပ်ကွက် ဘီလူးချောင်းနံဘေး River Side မြေကွက်များအမြန်ရောင်းမည်။ မြေအမျိုးအစား မြို့မြေ၊ မြေပိုင်မြေဖြစ်သည်။ ( ပေ ၁၀၀ × ပေ ၂၀၀ ) သိန်း (၃၅၀၀)၊ (ပေ ၂၀၀ × ပေ ၂၀၀) သိန်း(၆၀၀၀) 1.3 ဧက သိန်း(၇၅၀၀)၊ ကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ပါသည်။

01-8604064, 01-401518
09-25404698, 09-30666613

## AUTRON နားကြားကိရိယာ

နားမကြားသူ မိတ်ဆွေများအား AUTRON မှ ခေတ်မီ စက်များဖြင့် "အခမဲ့" နားလေးနှုန်း တိုင်းတာပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ မိတ်ဆွေတို့အသုံးပြုလျက်ရှိသော နားကြား ကိရိယာများကိုလည်း "အခမဲ့" ပြန်လည်စစ်ဆေးပေးခြင်း၊ နားကြားကိရိယာအသစ် ဝယ်လိုသူများကိုလည်း နောက်ဆုံးပေါ်နားကြားကိရိယာများနှင့် နားအတွင်းထည့် နားကြားကိရိယာများကို "အထူး"ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းများကို (ဒီဇင်ဘာ ၁ ရက်နေ့ မှ ၇ ရက်နေ့) အထိ ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



အမှတ် ၃၇၇၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁ ၂၄၃၆၄၄၊ ၃၈၅၂၄၅

# အယ်ဒီတာထံ ပေးစာ

## အင်းတော်–ဗန်းမောက်ကားလမ်း အမြန်ဆုံးပြုပြင်ပေးရန်လိုလား



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်-ဗန်းမောက်ကားလမ်းမှ အင်းရွာကျေးရွာအနီးလမ်းမိုင်တိုင်အမှတ် ၁၉/၇မှ ၂၀/၃အတွင်း လမ်းမှာ ၂၀၁၅ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လတို့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့သည်။

"အင်းတော်-ဗန်းမောက်ကားလမ်းမှာ ဒီနေရာက ပျက်စီးမှုဖြစ်တာ အချိန်ကာလ အတော်ကြာနေပါပြီ။ ယနေ့အချိန်ထိ ပြုပြင်ဆောင်ရွက်ပေးတာ မတွေ့ရဘူး။ ကားလမ်းပျက်နဲ့ကပ်လျက်ကွင်းလမ်းကလည်း တော်တော်ကိုဆိုးပါတယ်။ အန္တရာယ်ကြားက ခက်ခက်ခဲခဲကို မောင်းနှင်သွားလာရတာပါ။ ဒီလမ်းနေရာလေးကို စိတ်အေးချမ်းသာ ဖြတ်သန်းသွားလာနိုင်ရေး အမြန်ဆုံးပြုပြင်ပေးစေချင်ပါတယ်"ဟု ယာဉ်မောင်းတစ်ဦးကပြောသည်။

"ကျွန်တော်က ဒီအင်းတော်-ဗန်မောက်ကားလမ်းမှာ မကြာခဏဆိုသလိုသွားလာနေတာပါ။ ဒီကားလမ်းပျက်အနီးကပ်လျက် ကျားခေါင်းတောင်တန်းတောင်ခြေက မြေသားများ ဒီနှစ်ထဲမှာပြိုကျပြီး ကတ္တရာလမ်းပေါ်မြေများဖုံးလွှမ်းသွားခဲ့ပါတယ်။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာလည်း တောင်ခြေမှ မြေများ အက်ကွဲနိမ့်ဆင်းပြိုကျလာတာတွေ့ရလို့ လမ်းဌာနနဲ့ သက်ဆိုင်ရာဆက်စပ်ဌာန၊ အဖွဲ့အစည်းတွေကို ထူးခြားဖြစ်စဉ်အဖြစ် အကြောင်းကြားသတင်းပို့ခဲ့ပါတယ်။ ရေကြီးမှုကြောင့် ပျက်စီးသွားသော ဒီလမ်းနေရာလေးကိုလည်း အမြန်ဆုံးပြုပြင်ပေးရန် ပြည်သူ များကလိုလားလျက်ရှိပါတယ်" ဟု သန်းမောင်လေး(ကချင်မြေ)ကပြောသည်။

ထိုသို့ပျက်စီးသွားသော ကားလမ်းနေရာအား ယနေ့အချိန်ထိ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် ကားလမ်းပျက်နေရာနှင့် ကပ်လျက် ကွင်းလမ်းမှ ခရီးသွားပြည်သူများ၊ ယာဉ်ကြီး/ယာဉ်ငယ်များမှာ အန္တရာယ်ကြားမှ ခက်ခဲဆိုးရွားစွာ သွားလာနေကြရကြောင်း သိရသည်။

ဤသို့ တောင်ပြိုကျမှုကြောင့် လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ဘေးကင်းစေရေးအတွက် တောင်မြေထိန်းနံရံကို သက်ဆိုင်ရာများက အမြန်ဆုံးဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



## လူနေရပ်ကွက်ရှိစက္ကူစက်ရုံဖယ်ရှားပေးသင့်

ရန်ကုန်(အနောက်ပိုင်း)ခရိုင် လှိုင်မြို့နယ်(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်းအတွင်းရှိ စက္ကူစက်ရုံမှ နေ့မနား ညမနား ၂၄ နာရီလုံးလုံး ထွက်ရှိနေသော ပျော့ဖတ်ကြိတ်ရေပုပ်ရေဆိုး အနံ့အသက်ဆိုးများ၊ မီးခိုးခေါင်းတိုင်မှ ထွက်ရှိသော မီးခိုးများကြောင့် ဘေးပတ်ဝန်းကျင် နေအိမ်အထပ်မြင့်တိုက်ခန်းရှိ မမာမကျန်းသော သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးဆိုးဆိုးရွားရွားကြီး ခံစားနေရပါသဖြင့် အဆိုပါ စက္ကူစက်ရုံအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ပြည်သူတစ်ဦး**

## လမ်းညွှန်ဆိုင်းဘုတ်ထားပေးစေလို

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏မြို့တွင် အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး စတင်ဆောင်ရွက်စဉ်က ကွန်ကရစ်လမ်းထိပ်တွင် လမ်းပိတ်ထားကြောင်း အနီရောင်ဆိုင်းဘုတ်များ ထားရှိပေးသောကြောင့် ခရီးသွားများသိမြင်ပြီး မြို့ပတ်လမ်းလွှဲမှ သွားလာနိုင်သော်လည်း ယခုအခါ လမ်းပိတ်ဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်များထားရှိပေးခြင်း မရှိတော့သည့်အတွက် ရပ်ဝေးမှ ခရီးသွားများ အမြင်မှားကာ မကြာခဏ ကွန်ကရစ်လမ်းထိပ်ပိုင်းအား ယာဉ်ဖြင့်ဝင်တိုက်မိ၍ ထိခိုက်ဒဏ်ရာရခြင်း၊ ဆိုင်ကယ် ကာဗာကွဲခြင်း၊ ခွေတွန့်လိပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး ညအမှောင်တွင် ပိုမိုအန္တရာယ်ရှိနိုင်သောကြောင့် လမ်းညွှန် ဆိုင်းဘုတ်များ အမြန်ဆုံးပြန်လည်ချထားပေးနိုင်ပါရန် အထူးလိုအပ်လျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။

**(အန္တရာယ်ကင်းစေလိုသူများ)**



# ပြည်သူ့ဝန်ဆောင်မှုရုံး သာကေတမြို့နယ်၌ဖွင့်လှစ်

**သာကေတ နိုဝင်ဘာ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်သူ့ဝန်ဆောင်မှုရုံးကို နံနက် ၁၀ နာရီမှ ညနေ ၄ အထိ ဖွင့်လှစ်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ပြည်သူ့ဝန်ဆောင်မှုရုံးတွင် မြို့နယ်ထွေ/အုပ် ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာန၊ ကျန်းမာရေးဌာန၊ လျှပ်စစ်ဌာနနှင့်မီးသတ်ဌာနတို့က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုရုံးသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန်၊ အဂတိလိုက်စားမှုကင်း၍ ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားစေရန် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ၊ ဦးစီးဌာနအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ် ထင်ငယ်လမ်းဆုံရာမြေကွက်လပ်၌ ဈေးသစ်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးတော့မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနှင့် ထိစပ်နယ်မြေများတွင် နေထိုင်လျက်ရှိသော မိဘပြည်သူများ ဈေးရောင်းဝယ်စားသောက်မှု အဆင်ပြေချောမွေ့စေရေးရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)၏ လမ်းညွှန်မှုနှင့် ဦးသန်းထွန်း(ဌာနခွဲမှူး) ဈေးများဌာနက တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက် အနော်ရထာလမ်းမကြီး မင်းရဲကျော်စွာ(၈)လမ်း ထင်ငယ်လမ်းဆုံရာ မြေကွက်လပ်၌ ၃၅ ပေ၊ ပေ ၁၁၀ အကျယ်ရှိ နှစ်ထပ်ဈေးရုံနှစ်ရုံ၊ ၆၅ပေ၊ ပေ ၆၀ အကျယ်ရှိ တစ်ထပ်ဈေးရုံသုံးရုံတို့အပြင် ကွန်ကရစ်ခင်းလမ်းများ၊ ဈေး တာဝန်ခံရုံးခန်း၊ မှော်ရုံ၊ အဝီစိတွင်း၊ ရေစင်၊ သန့်စင်ခန်း ဆောက်လုပ်မှုများမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ရပ်ကွက်ထဲမှာ အခုလိုအဆင့်မြင့်ဈေးကြီးတစ်ဈေး လာဆောက်ပေးပြီး မကြာခင် ဖွင့်ပေးတော့မယ်ဆိုတာသိရတော့ ကျွန်မတို့လို လက်လုပ်လက်စား ပုံကျဈေးသည်တွေအတွက် ဆိုင်နဲ့ကနားနဲ့ ဈေးရောင်းရတော့မယ်ဆိုတာ သိနေရတော့ တာဝန်ရှိတဲ့မြို့တော်စည်ပင်ကို ကျေးဇူးတင်ပါတယ်။ နောက်ပြီးတော့ ပုံကျဈေးသည်တွေ၊ ကျူးကျော်ဈေးသည်ဆိုပြီး အခေါ်ခံရတဲ့ဘဝက လွတ်သွားတာပေါ့ရှင်။ တစ်ခုရှိတာက ကျွန်မတို့လိုဈေးရောင်းချပြီး မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေကြရတဲ့ ဈေးသည်အစစ်အမှန်တွေကို စနစ်တကျနဲ့ စာရင်းပြုစုပြီး ဆိုင်ခန်းနေရာချထားပေးစေချင်ပါတယ်"ဟု လက်လုပ်လက်စား ဈေးသည်တစ်ဦးက ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သုံးခွ နိုဝင်ဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သော ဘန့်ဘွေး၊ ကျားဝင်းကွန်ကရစ်လမ်း (အရှည် ၂ မိုင်၊ အကျယ် ၃ ပေ၊ ထု ၆ လက်မ) ဆောင်ရွက်ပြီးစီးမှု လမ်းပခုံးသားကပ်ခြင်း ဆောင်ရွက်နေမှုအား မြို့နယ်/ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်မှန်ပေးဆောင်စို့

# ပေါင်မြို့နယ်အတွင်း ဖရဲစိုက်ပျိုးသူများ အဆင်ပြေ



**ပေါင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ တောင်အရှေ့ခြမ်းကျေးရွာများတွင် ဖရဲပင် (ထိုင်းမျိုး) များကို စိုက်ပျိုးရာ စိုက်ပျိုးအောင်မြင်နေကြောင်း သိရသည်။

ယင်းဖရဲသီးမျိုးသည် ကြီးမားသည့်အမျိုးအစားမဟုတ်ဘဲ လုံးပတ်ထွာဆိုင်ခန့်သာရှိပြီး အခွံပါး၍ အလွန်ချိုမြသောအရသာရှိပြီး အရောင်မှာ အနက်ရောင်သန်းသည့် ဖရဲသီးတစ်မျိုးဖြစ်သည်။ ဖရဲမျိုးစေ့တစ်ဘူးကို ငွေကျပ် ၁၄၀၀၀ အထိ ဈေးပေးဝယ်ယူရပြီး မျိုးစေ့ ၁၂၀၀ ခန့်ပါရှိသည်။

စိုက်ပျိုးပုံမှာ ဝါခေါင်လမှစတင်၍ မြေကျက်၊ နွားချေး၊ ဓာတ်မြေဩဇာ အချိုးကျရောစပ်ပြီး ပလတ်စတစ်အိတ်ငယ်ကလေးများတွင် တစ်အိတ်ကို မျိုးစေ့ ၂ စေ့စီထည့်၍ အပင်စပျိုးပြီး ၇ ရက်ခန့်ကြာသောအခါ အပင်ကလေးများ စတင်ပေါက်လာပြီး အရွက် ၂ ခု (ဇီးရွက်ပမာဏခန့်) ရှိလာသောအခါ စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် စိုက်ခင်းမြောင်းအတွင်း နှစ်တောင်အကွာကျင်းတစ်ကျင်း နှစ်ပင်စိုက်ပျိုးပြီး စိုက်ခင်းမြောင်းတစ်မြောင်းနှင့်တစ်မြောင်း အကွာအဝေး လေးတောင်အကျယ်ထားရှိ၍ အတန်းလိုက်စိုက်ပျိုးကြသည်။

တစ်ပင်လျှင် အသီးတစ်လုံး (သို့မဟုတ်) နှစ်လုံးသာထားရှိပြီး စတင်စိုက်ပျိုးချိန်မှ ရက်ပေါင်း ၇၀ အတွင်း အသီးများကို ဆွတ်ခူးနိုင်သည်။ ရောင်းတန်းဝင်ဖရဲသီးသည် လုံးပတ် ၁၈ လက်မ အရှည် ၁၂ လက်မခန့်သည့် တစ်လုံးငွေကျပ် ၁၀၀၀ ရှိပြီး အရွယ်အစားအလိုက် ကျပ် ၈၀၀၊ ကျပ် ၅၀၀ ခန့် ဈေးနှုန်းရှိသည်။

"မျိုးစေ့တစ်ဘူးစိုက်ရင် အလုပ်သမားခ၊ ဓာတ်မြေဩဇာ အစအဆုံးကုန်ကျစရိတ် သုံးသိန်းလောက်ကုန်တယ်။ တတ်နိုင်ရင် တတ်နိုင်သလို သိန်း ၂၀၊ ၃၀ လောက်ရင်းပြီး စိုက်ပျိုးကြတယ်။ ဒီနှစ် အသီးပေါ်တဲ့အချိန်မှာ အားလုံးအခြေအနေကောင်းပြီး အမြတ်ရကြပါတယ်။ ကျွန်မတို့ရွာမှာ လူ ၃၀ ကျော်စိုက်ပျိုးကြပြီး အသီးအထွက်နှုန်းကောင်း၊ အသီးပိုလှ ပိုကောင်းတဲ့ဖရဲခြံက ပိုပြီးအမြတ်ရတာပေါ့" ဟု ဖရဲစိုက်ပျိုးသူ ဆင်ရွာကျေးရွာသူ နော်နွယ်နီအောင်က ပြောသည်။

ပေါင်မြို့နယ် တောင်အရှေ့ခြမ်းကျေးရွာများဖြစ်ကြသော ဆင်ရွာ၊ ရွာကလေးရွာ၊ ထန်းရွာ၊ အုန်းတပင်ရွာ၊ ရှမ်းကုန်းရွာ၊ ကုန်းမောင်ဖယ်ရွာ၊ အေးပြစ်ရွာ အစရှိသောကျေးရွာများတွင် ယခုနှစ် ဖရဲစိုက်တောင်သူများသည် ဖရဲစိုက်ရာသီအစဖြစ်သည့် ဝါခေါင်လမှစတင်၍ သီတင်းကျွတ်လထိ ဖရဲစိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးရာသီအတွင်း ဒေသအခေါ် (ဒုံးကျည်) ဖရဲ စိုက်ပျိုးရနိုင်သောနေရာများတွင် ဖရဲစိုက်ပျိုး၍ မိသားစုဝင်ငွေရကာ တစ်ဖက်တစ်လမ်းမှ အဆင်ပြေနေကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော အလွတ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**မြင်းမူ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော အမျိုးသား၊ အမျိုးသမီး (အလွတ်တန်း) ပြေးခုန်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်က မြင်းမူမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

အမျိုးသား၊ အမျိုးသမီး (အလွတ်တန်း) မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ အပြေးပြိုင်ပွဲတွင် အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၃၄ ဦး၊ အလျားခုန်ပြိုင်ပွဲတွင် အမျိုးသား ၂၀၊ အမျိုးသမီး ၃၅ ဦး၊ သံလုံးပစ်ပြိုင်ပွဲတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၇ ဦးနှင့် သံပြားပစ်ပြိုင်ပွဲတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်း၊ မြို့နယ်အားကာဦးစီးမှူး ဦးဝင်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးဇော်ဝင်းတို့က ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော အားကစားသမားများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

**အောင်စိုးဖေ**

# မြစ်သားမြို့နယ် ရွှေမုဋ္ဌောဘုရားကြီး၏ (၇၈) ကြိမ်မြောက်တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**မြစ်သား နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားစေတီတော်ကြီး၏ (၇၈) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်ကြီးအား ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာကြသော ရဟန်းရှင်လူအပေါင်း စိတ်အေးချမ်းသာ သာယာပျော်ရွှင်စွာဖြင့် လှူဒါန်းပူဇော် ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်ကြစေရန် ဂေါပကအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေမုဋ္ဌောဘုရား တန်ဆောင်တိုင် (စာရေးတံမဲ) ပွဲတော်ကြီးအား ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် (နိုဝင်ဘာ ၂၄ ရက်)မှစတင်၍ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၂၆ ရက်)ထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၂၄ ရက်တွင် ကုသိုလ်ရှင် လုပ်သားပြည်သူများက ဆွမ်းတော်ပွဲများပို့ခြင်း၊ ဗလာပွဲများကပြခြင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် မြို့တွင်းမှပဒေသာပင်များ အတီးအမှုတ်အကအခုန်တို့ဖြင့် ပို့ဆောင်ခြင်း၊ ရုံဇာတ်ပွဲများ၊ ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းကပ်ခြင်း၊ ပဒေသာပင်များ စာရေးတံမဲဖောက်လှူဒါန်းခြင်း၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဆီမီးတစ်ထောင် ဆက်ကပ်လှူဒါန်းခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ရဲဝင်းထွန်း(ပြန်/ဆက်)**

# ထက်-လယ်-မူ သင်အထောက်ကူပြုပြိုင်ပွဲအားရေး၌ကျင်းပ

**ရေး နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ရေးမြို့ မြို့နယ်အဆင့်အခြေခံပညာကျောင်းပေါင်းစုံ ထက်-လယ်-မူ သင်ထောက်ကူပြုပြိုင်ပွဲကို ရေးမြို့ အ. ထ. က(၁) ကျောင်းပညာရတနာခန်းမဆောင်၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

သင်ကြားရေးအပိုင်းတွင် အထောက်အကူပြုစေမည့် သင်ထောက်ကူပစ္စည်းများကို ဆရာ၊ ဆရာမများက အကျိုးရှိစွာ သုံးတတ်စေရန်နှင့် ကျောင်းသားများမှာ တီထွင်ဖန်တီးကြံဆတတ်စေရန်နှင့် မြို့နယ်အတွင်းရှိ ကျောင်းများ၏ ဆရာ၊ ဆရာမများမှာ အသိအမြင်ဖလှယ်ကြ၍ သင်ထောက်ကူပစ္စည်းများ ပိုမိုပြုလုပ်တတ်စေရန်ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးကပြောသည်။

ပြိုင်ပွဲကို မြို့နယ်ပညာရေးမှူးဦးဆောင်သော ထက်-လယ်-မူ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးငါးဦးအဖွဲ့ဝင်များမှာ တီထွင်နိုင်မှုစွမ်းရည်ခေါင်းစဉ်များနှင့် ကိုက်ညီမှု၊ ကုန်ကျစရိတ်သက်သာစေမှု၊ ကလေးများစိတ်ဝင်စားမှု စသောအခြေအနေများကို အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနဲ့အညီ အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အဆိုပါပြိုင်ပွဲကို နှစ်ရက်တာကာလတွင် ပြခန်းပေါင်းခြောက်ခန်းမှာ ထက်-လယ်-မူ ဘာသာရပ်များအလိုက် သင်ထောက်အကူပြုပစ္စည်းများကို အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအပြင် ပညာရေးတွင်စိတ်ပါဝင်စားသူများအနေဖြင့်လည်း နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသပေးထားခဲ့ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# မအူပင်မြို့လည်အသင်း၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**မအူပင် နိုဝင်ဘာ ၂၄**

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် နှစ်စဉ်တန်ဆောင်မုန်းလပြည့်မှစ၍ လပြည့်ကျော် ၁ ရက်မှ ၃ ရက်ထိ ကျင်းပသည့် မအူပင်မြို့လည်အသင်း၏ တန်ဆောင်တိုင်ဘုရားပွဲတော်ကို စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်တွင် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနီယဘုရား မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပြီး ရပ်ကွက်အလိုက် ဖျော်ဖြေတင်ဆက်သည့် တေးသရုပ်ဖော်ဇာတ်ထုပ်များ၊ ယိမ်းအကများ၊ လှည့်လည်ရာလမ်းတစ်လျှောက် ရပ်ကွက်အလိုက် စတုဒိသာများကျွေးမွေးဧည့်ခံပြီး ဗလာမပါ နိဗ္ဗာန်ဈေးပွဲတော် ကံစမ်းမဲပစ္စည်းစုံ လှူဒါန်းပွဲများဖြင့် (၈၉) ကြိမ်မြောက် တန်ဆောင်တိုင်ဘုရားပွဲတော် နွှဲပျော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မအူပင်ခရိုင်(ပြန်/ဆက်)**

# နွေစပါးဧက ငါးသိန်းကျော် စိုက်ပျိုးနိုင်ရေး လျာထား

**မုံရွာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံစွာစားသုံးနိုင်ရန်နှင့် ပိုလျှံသော စပါးများကို တင်ပို့ရောင်းချနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် နွေစပါး ဧက ၅၁၀၅၀၀ စိုက်ပျိုးနိုင်ရေး လျာထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးစိုက်ရာသီတွင် နွေစပါး ၁၇၅၄၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ရာသီတွင် စစ်ကိုင်းခရိုင်အတွင်း ဧက ၁၃၀၀၀ လျာထားကြောင်း သိရသည်။

"သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးနေပါတယ်။ ပြီးခဲ့တဲ့မိုးရာသီမှာ မိုးရွာသွန်းမှုများပြီး မိုးစပါးမစိုက်ပျိုးနိုင်တဲ့လယ်တွေကတော့ နွေစပါးကို အချိန်မီစိုက်ပျိုးနိုင်မှာပါ။ မိုးစပါးနောက်ကျစိုက်တဲ့ လယ်တွေကတော့ နွေစပါးစိုက်ပျိုးမှုနောက်ကျနိုင်တယ်။ အဲဒီလယ်တွေအတွက် သက်တမ်းတိုတိုနဲ့စိုက်ပျိုးနိုင်မဲ့ စပါးမျိုးတွေကို အသုံးပြုနိုင်ဖို့အတွက် စီစဉ်နေပါတယ်" ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ရာသီတွင် မုံရွာခရိုင်အတွင်း ဧက ၁၄၀၅၀၊ ယင်းမာပင်ခရိုင်အတွင်း ဧက ၈၄၅၀၊ ရွှေဘိုခရိုင်အတွင်း ဧက ၄၀၇၂၀၀၊ ကသာခရိုင် အတွင်း ဧက ၂၂၈၀၀၊ ကလေးခရိုင်အတွင်း ဧက ၁၄၃၀၀၊ မော်လိုက်ခရိုင်အတွင်း ဧက ၁၇၇၀၀၊ တမူးခရိုင်အတွင်း ဧက ၂၇၀၀ နှင့် ခန္တီးခရိုင်အတွင်း ဧက ၁၀၃၀၀ စုစုပေါင်း ၅၁၀၅၀၀ ဧက စိုက်ပျိုးရန် လျာထားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ **ဖိုးချမ်း(မုံရွာ)**

---

# မန္တလေးဆေးရုံကြီး၌ နှလုံးသွေးကြော ပူးပေါင်းခွဲစိတ်ကုသမှု ၁၀ နှစ်ပြည့်အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးသွေးကြောခွဲစိတ်ကုဌာနနှင့် ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ နှလုံးသွေးကြောပူးပေါင်းခွဲစိတ်ကုသမှု ၁၀ နှစ်ပြည့်အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းရှိ အောင်မြင်ခြင်းဟိုတယ်ခန်းမတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ နှလုံးခွဲစိတ်ကုပညာဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနေမှုနှင့် ဆေးရုံကြီးများတွင် ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေးစက်များ တပ်ဆင်ပေးခဲ့မှုများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ နှလုံးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ Dr.Daniall Lois-ance က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာနသို့ လာရောက်ပူးပေါင်းခွဲစိတ်မှု ၁၀ နှစ်တာအတွေ့အကြုံများ၊ နှလုံးခွဲစိတ်ဆရာဝန် ဒေါက်တာဝဏ္ဏထွန်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် နှလုံးသွေးကြောခွဲစိတ်ကုသမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

၂၀၀၅ ခုနှစ် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ နှလုံးခွဲစိတ်ဆရာဝန်များ၊ မေ့ဆေးဆရာဝန်၊ သူနာပြုဆရာမများကို ပြင်သစ်နိုင်ငံသို့ခေါ်ယူကာ လက်တွေ့ဆေးပညာသင်ကြားပေးခဲ့ပြီး ပြင်သစ်နှလုံးသွေးကြောခွဲစိတ်ဆရာဝန်များအဖွဲ့သည် မန္တလေးထွေထွေရောဂါကုဆေးရုံကြီးသို့ တစ်နှစ်နှစ်ကြိမ်ခန့် လာရောက်ကာ ဆေးပညာသင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ရာတွင် ကုန်ကျစရိတ်မြင့်မားသဖြင့် လူနာများကို ခွဲစိတ်ပေးနိုင်ခြင်းမရှိခဲ့ပေ။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်ပံ့ပိုးပေးမှုကြောင့် ၂၀၁၄ ခုနှစ်တွင် နှလုံးရောဂါဝေဒနာရှင် မြန်မာ-ပြင်သစ်ပူးပေါင်းခွဲစိတ်မှု ၄၃ ဦး၊ မြန်မာဆရာဝန်များခွဲစိတ်မှု ၆၃ ဦး စုစုပေါင်း ၁၀၆ ဦးအား အခမဲ့နီးနီး ကုသပေးနိုင်ခဲ့သည်။

နှလုံးသွေးကြောခွဲစိတ်လူနာ တစ်ဦး ထိုင်းနိုင်ငံသို့သွားရောက်၍ နှလုံးသွေးကြောအစားထိုးခွဲစိတ်ကုသလျှင် ခရီးစရိတ်၊ စားစရိတ်မပါ ကျပ်သိန်း ၂၅၀ ခန့်ကုန်ကျပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူပါက ကျပ် ၁၀သိန်းခန့်သာ ကုန်ကျကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

---

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ကိုက်လန် ဈေးကောင်းရနေသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိ

**ဝန်းသို နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ကိုက်လန်များ ဈေးကောင်းရနေသဖြင့် မြို့နယ်အတွင်းကျေးရွာများမှ ကိုက်လန်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

ဝန်းသိုမြို့နယ်အတွင်းရှိ ဇီးဖြူပင်ကျေးရွာ၊ ငွေကြီးကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ စိန်လည်ကျေးရွာ၊ ကြိုင်းခွင်ကျေးရွာ၊ လက်ပံကြီးတောကျေးရွာများသည် ဒေါင်းမြူးချောင်းကိုအခြေခံ၍ ကိုက်လန်အပြင်၊ မုန့်ညင်း၊ ပန်းမုံလာ၊ ပန်းဂေါ်ဖီထုပ်၊ ငရုတ်၊ ကြက်သွန်၊ ခရမ်း၊ ခရမ်းချဉ်၊ ပန်းမျိုးစုံ၊ သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးကြသော ကျေးရွာများဖြစ်သည်။

စိုက်ပျိုးကြသောသီးနှံများအနက် ကိုက်လန်မှာ အရင်းအနှီးအနည်းငယ်၊ မြေအကျယ်အဝန်းအနည်းငယ်၊ အချိန်အနည်းငယ်ဖြင့် စိုက်ပျိုးနိုင်ပြီး အကျိုးဖြစ်ထွန်းသောသီးနှံတစ်မျိုးဖြစ်သည်။

"ကျွန်တော်စိုက်ပျိုးထားတဲ့ကိုက်လန်မှာ မြေအကျယ်အဝန်း သုည ဒသမ ၁၀ ဧကခန့်သာရှိပါတယ်။ ကိုက်လံမျိုးစေ့ကိုတော့ စိုက်ပျိုးရေးဆိုင်မှာ တစ်ထုပ် ကျပ် ၄၀၀ နဲ့ ငါးထုပ်ပျိုးပြီး စိုက်ထားတာပါ။ အခုဆိုရင် ကိုက်လန်စည်းနှစ်ညွှန့်စည်း ၈၀၀ ထိ ရရှိနေပါပြီ။

"နှစ်ညွှန့်စည်းကို ကျပ် ၇၀ နှုန်းနဲ့ ကောလင်းမြို့ပေါ်မှာရှိတဲ့ တစ်ဆင့်ကူးကုန်စိမ်းသည်တွေကို တစ်ရက်ခြားပို့ပေးရပါတယ်။ ကိုက်လန်ကို ပေါင်ပြုလုပ်၍ ပျိုးထောင်ပြီး ၁၅ ရက်သားရလျှင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးပြီး ရေသုံးရက်ခန့်လောင်းရပါတယ်။ ပုလဲခတ်မြေဩဇာနဲ့ အာမို ၁၅ ပတ်လည် နှစ်ပြည်စီ ရေထဲမှာတစ်ညစိမ်ပြီး ရေဖျော်လောင်းပြီး စိုက်ခင်းပြည့် ရေသွင်းရပါတယ်။ ပိုးသတ်ဆေးက ရွက်လိပ်ပိုးနှင့် နံ့စုပ်ပိုးကျရောက်တတ်သဖြင့် တစ်ကြိမ်လောက်တော့ ဖျန်းပေးရပါတယ်။ စိုက်ပျိုးပြီး ၁၅ ရက်သားရလျှင် ခူးဆွတ်နိုင်ပါတယ်။ အရင်းအနှီးနည်းသဖြင့် အကျိုးအမြတ်ကတော့ ဈေးလည်းကောင်းနေမယ်ဆိုရင် ၈ သိန်းကျော်လောက်ရပါတယ်" ဟု အုတ်ဖိုကျေးရွာမှ တောင်သူဦးတင်အောင်က ပြောသည်။

အဆိုပါကျေးရွာများတွင် ကိုက်လန်ကို တောင်သူအများစုက စိုက်ပျိုးကြသော်လည်း တစ်ဦးလျှင် အများဆုံးအဖြစ် ဧကတစ်ဝက်ခန့်ထိသာ စိုက်ပျိုးကြကြောင်း၊ တစ်မျိုးတည်းစိုက်ပျိုးခြင်းထက် သီးနှံမျိုးစုံ မျှတစွာစိုက်ပျိုးခြင်းက ပိုမိုများကြောင်း၊ သီးနှံတစ်မျိုးဈေးမကောင်းပါက အခြားဈေးကွက်ကောင်းသော သီးနှံဖြင့် အကျိုးအမြတ် ပြန်လည်ရရှိရန် ရည်ရွယ်စိုက်ပျိုးကြခြင်းဖြစ်ကြောင်းသိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

GOLDEN STAR ခရီးသွားလုပ်ငန်း
* ကျိုက်ထီးရိုး(နေ့စဉ်) (သံလားတော်/သီလရှင်အစရှိ)
* ချောင်းသာ / ငွေဆောင်(နေ့စဉ်)
Ph: 209200, 544383, 430480, 705968, 703448

ဖိုးမြင့်ကြွယ်
ကျိုက်ထီးရိုး (ဗြိန်း) 33000
ချောင်းသာ Hotel(ဗြိန်း) 35000 45000
ငွေဆောင် (Hotel+ကား) 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

POPULAR STAR ဒီဇင်ဘာလ ပြည်တွင်းခရီးစဉ်
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ထမ်ဆမ်း-ရွှေတော် (၄ည/၅ရက်-၁.၄သိန်း)
DEC 24
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း-စစ်ကိုင်း-ကျောက်စိမ်းစေတီ (၄ည/၅ရက်-၁.၄သိန်း)
DEC 24
ပူတာအို (စွယ်တော်လေးဆူ) -ပုပ္ပါး-ပုဂံ (၃ည/၄ရက်-၉သောင်း)
DEC 24, JAN 1
Yutong / Scania, 3 Star Hotel , Restaurants 6 persons 50 % off, 11 persons 1 FOC
လိပ်စာ-အမှတ်(၇၄)နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ Ph: 01 2301866, 09-5129134, 09786516520

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
December - 19 (Saturday) စမည်။
LCCI ☑ အနှစ်(၂၀)အတွေ့အကြုံကြောင့် ☑ သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယ၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။ ☎-01-371741, 240824, 381350

အမည်မှန်
ဦးခင်စိုး(ခ)ဦးခင်ဦး၏သမီး မအေးသန္တာစိုး [၁၂/စခန(နိုင်)၀၆၃၁၉၇]၏ အမည်ကို ငယ်နာမည် "မဘေဘီပြည့်" ဟုသာ ခေါ်ဆိုပါရန်။

Trumpet Car Rental
မြို့တွင်း/မြို့ပြင်ကားမျိုးစုံငှားရန်ရှိသည်။
VIP 41Seater,Grand Cabin 9 Seater.
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09-43089536, 01-532238, 01-536975, 09-5182767

Student's Review
အဋ္ဌမတန်း
၂၀၁၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်မေးခဲ့သော မေးခွန်းဟောင်း စာစီစာကုံးများ
မမိုးမြေ၊ ဒေါက်တာမင်းဇော်သန့်၊ ဒေါက်တာညီညီလှိုင်
၂၀၁၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်မေးခဲ့သော စံပြ အက်ဆေးများနှင့်ပေးစာများ
Kyaw San Lin (The King's English)
စတုတ္ထတန်း
၂၀၁၅ ခုနှစ် ခရိုင်စစ် မေးခွန်းဟောင်း နှင့် ထပ်မံလေ့လာသင့်သော စာစီစာကုံးများ
မင်းဇော်သန့်၊ လေးနွယ် (မြန်မာစာ)၊ ဆုလေးငယ်
၂၀၁၅ ခုနှစ် ခရိုင်စစ် မေးခွန်းဟောင်း နှင့် မေးခွန်းကောင်း စံပြအစမ်းစာများ
Kyaw San Lin (The King's English)
ကောင်းခ မူ/လယ်
ကေရီစံ စာစီစာကုံးများ (၄)
မေမြို့ရာင်(ရန်ကုန်တက္ကသိုလ်)၊ ညီညီ
ကေရီစံစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး-၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊၀၉၅၀၁၁၅၄
အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

GRACE EDUCATION Learning Center
No. 92, 51 St., Middle Blk, Yangon
Enroll Now For December Intake
5% Discount
TOEFL EXAM ဖြေမည့်သူများအတွက် PBT / iBT Classes
TOEFL PREPARATION CLASS - MON-TUE-FRI (1:00 - 3:00) PM
TOEFL PBT EXAM ORIENTED - SAT + SUN (3:00 - 5:00) PM
TOEFL PBT PREPARATION CLASS - SAT+SUN (9:00-12:00) AM
IELTS Preparation - MON-THUR (9:00-12:00 AM)
Academic Writing - SAT+SUN - 7:30-9:00 AM
(IGCSE / IELTS နှင့် အရေးပိုင်းတွင် လိုအပ်နေသူများအားလုံးအတွက် critical thinking, vocabularies, structure, ...)
IGCSE/GCE A 2016-17 ဖြေမည့်သူများအတွက်
ကျောင်းအပ်လက်ခံပြီ။ We guarantee you get good grade.
Weekday/ Weekend Classes Available Now!!!
We prepare you because Your success is our success!!!
0925 860 5582
0979 18 22 665

ပြည်တွင်းရေးရာ

# မျက်စိအတွင်းတိမ် ဝေဒနာရှင်များအား တတိယအကြိမ်မြောက် အခမဲ့ ခွဲစိတ်ပေးမည်

**မန္တလေး နိုဝင်ဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ကြီးကြပ်စီစဉ်မှုဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လူမှုရေးအဖွဲ့အစည်း နိုင်ငံတကာကူးလူးဆက်ဆံမှုတိုးမြှင့်ရေးအသင်း၏ တတိယအကြိမ် မြန်မာ့အလင်းရောင်ခရီးစဉ် လှုပ်ရှားမှုအဖြစ် မျက်စိအတွင်းတိမ် အခမဲ့ခွဲစိတ်ကုသပေးခြင်းကို နိုဝင်ဘာ ၃၀ ရက်မှစတင်၍ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်းရောင်ခရီးစဉ်အဖြစ် မျက်စိအတွင်းတိမ်ဝေဒနာရှင်များကို မန္တလေးမြို့တွင် တတိယအကြိမ်မြောက် လာရောက်ခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် လူနာ ၂၀၀ ကျော် ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ယခု တတိယအကြိမ်မြောက် မြန်မာ့အလင်းရောင်လှုပ်ရှားမှုတွင် ယူနန်ပြည်နယ် အမှတ်(၁) ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီးနှင့် မျက်စိအထူးကုသမားတော်ကြီး Ms.Mei Wan ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတွင် အခမဲ့လာရောက် ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များအနေဖြင့် ကြိုတင်စာရင်းပေး၍ ကုသမှုခံယူနိုင်ကြောင်း မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်ခိုင်က ပြောကြားသည်။

**မောင်ပြည်သူ**

# ညောင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးထားရှိသည့် နှမ်းစိုက်ခင်းများ အောင်မြင်

**ညောင်ဦး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ယခုနှစ် မိုးဦးမိုးဖြင့်စိုက်ပျိုးသည့် နှမ်းစိုက်ခင်းများမှာ မိုးရွာသွန်းမှုမကောင်းခဲ့သောကြောင့် အောင်မြင်ဖြစ်ထွန်းမှုနည်းပြီး တောင်သူများ အရှုံးနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ယခုဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားရှိသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ဆောင်းသီးနှံ နှမ်းစိုက်ခင်းများ ရိတ်သိမ်းရတော့မည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာမှ တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ပုဂံ-ညောင်ဦးမြို့နယ်ဟာ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှာ ပါဝင်နေတာဆိုတော့ နှစ်စဉ် မိုးရွာသွန်းမှုအခြေအနေက အားနည်းပါတယ်၊ မနှစ်ကလည်း ကျွန်တော်တို့မြို့နယ်က နှမ်းစိုက်တောင်သူတွေ မိုးရွာသွန်းမှုမကောင်းလို့ ဒီလိုပဲ ပျက်စီးဆုံးရှုံးမှုတွေနဲ့ တောင်သူအရှုံးပေါ်ခဲ့တာပါပဲ။ နှမ်းစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးခဲ့တော့ နှမ်းပြန်စိုက်ပျိုးဖို့ကို အဆမတန်ဈေးပေးပြီး ဝယ်ယူစိုက်ပျိုးခဲ့ကြရတာပေါ့ဗျာ။

ဒီနှစ်လည်း ကျွန်တော်တို့ မင်းနန်သူကျေးရွာကနှမ်းစိုက်တောင်သူတွေ မိုးဦးတုန်းက နှမ်းစိုက်ခင်းတွေပျက်စီးဆုံးရှုံးလို့ ဆောင်းသီးနှံအနေနဲ့ နှမ်းစိုက်ပျိုးမှုကို အလေးထားစိုက်ပျိုးကြတာပါ။ ကျွန်တော်တို့ရွာက တောင်သူတွေ ဆောင်းသီးနှံနှမ်းစိုက်ခင်းတွေ အလေးထားစိုက်ပျိုးခဲ့တော့ အခုမြင်တွေ့ရတဲ့အတိုင်း နှမ်းစိုက်ခင်းတွေ ကောင်းနေတာပေါ့ဗျာ။ ပြီးတော့ ဒီနှမ်းခင်းတွေက မိုးရေလည်းသောက်ထားရတော့ အသီးရင့်မှည့်ဖို့အတွက်လည်း စိတ်ချနေရပါပြီ။ မကြာခင်မှာ ရိတ်သိမ်းရတော့မှာပါ" ဟု ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

ညောင်ဦးမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုမှာ မင်းနန်သူကျေးရွာတင်သာမကဘဲ ဖွားစောကျေးရွာနှင့် တောင်ဘီလယ်ယားကျေးရွာတို့တွင်လည်း တောင်သူများ အလေးထားစိုက်ပျိုးခဲ့ခြင်းကြောင့် အောင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း နိုင်သော အလေ့အကျင့်ကောင်းများဖြစ်တည်လာစေရေး Japan KitaKyuShu Hayatomo Junior High School မှ Skype Conference ပြုလုပ်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့ အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း ချမ်းမြသာစည်မြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများသည် ဂျပန်နိုင်ငံ ကိတကျူရှူမြို့ ဟာယတိုမိုအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် Skype Conference ကို နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း မန္တလေးမှ နဝမတန်းကျောင်းသူနှစ်ဦးနှင့် ဟာယတိုမို အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးဦးတို့သည် ပတ်ဝန်းကျင်အား ကာကွယ်ထိန်းသိမ်းခြင်း အကျိုးရလဒ်များခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။

အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း အနေဖြင့် ASEAN Eco-Model School ဆုရကျောင်းဖြစ်ပြီး ဟာယတိုမို အလယ်တန်းကျောင်းအနေဖြင့် UNESCO အသိအမှတ်ပြု ကျောင်းတစ်ကျောင်းဖြစ်ကာ နှစ်ဘက်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ ကျောင်းအသီးသီး၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်လှုပ်ရှားမှုများကို အမြင်ချင်းဖလှယ်ကြခြင်းဖြစ်သည်။

အဆိုပါ Skype ဖြင့် ဆွေးနွေးမှုအား နှစ်ဖက်ကျောင်း အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၅၀ ခန့်စီက ဝန်းရံပြီး အားပေးခြင်း၊ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ယခု Skype Conference အစီအစဉ်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်နေသော စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများအား ဂျပန်နိုင်ငံ ကိတကျူရှူမြို့မှ ပူးပေါင်းပံ့ပိုးသည့်အစီအစဉ် ဖြစ်သည်။

Skype Conference အစီအစဉ်သို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်မောင်းနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ တက်ရောက်ကြပြီး ကိတကျူရှူမြို့ Institute for Global Enveronmental Stratagies rS Section Director Miss Masako နှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကိတကျူရှူမြူနီစီပါယ်နှင့် IGES တို့ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးသီးခြားသင်ခန်းစာများ ပြုစုထားပြီး အဆိုပါသင်ခန်းစာမူကြမ်းများကို နိုဝင်ဘာ ၂၁ရက်နှင့် ၂၂ ရက်များတွင် မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများပါဝင်ဆွေးနွေးခဲ့သည်။

